# ရှမ်းပြည်နယ်

# ကချင်အမျိုးသားပါတီ

# ပွဲ့စည်းပုံအခြေခံစည်းမျဉ်းများ

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊( ရုံးချုပ် )

၂၀၁၉ ခုနှစ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အခန်း(၁) ပါတီ၏ရည်ရွယ်ချက်၊ ယုံကြည်ချက်၊ သန္နိဋ္ဌာန်၊ မူဝါဒနှင့် လုပ်ငန်းစဉ်များ | ၁ မှ ၁၂ |
| ၃။ | အခန်း(၂) ပါတီအမည်နှင့်အဆောင်အယောင်များ | ၁၂ မှ ၁၄ |
| ၄။ | အခန်း(၃)ပါတီဝင်များ ဦးထိပ်ပန်ဆင်ရမည့်အချက်များ | ၁၄ |
| ၅။ | အခန်း(၄) ပါတီဝင်များ၏အရည်အချင်းသတ်မှတ်ချက်၊ တာဝန်နှင့်ဝတ္တရားများ၊ကျင့်ဝတ်များ၊လိုက်နာရမည့် စည်းကမ်း၊ရပိုင်ခွင့်များ၊အရေးယူခြင်း၊အယူခံဝင်ခြင်း၊ ဂုဏ်ပြုချီးမြှင့်ခြင်းဆိုင်ရာများ | ၁၅ မှ ၂၀ |
| ၆။ | အခန်း(၅) ပါတီဖွဲ့စည်းတည်ဆောက်ပုံ၏ရည်ရွယ်ချက်၊ မူဝါဒ၊တာဝန်နှင့်စံအရည်အချင်းသတ်မှတ်ချက်များ | ၂၀ မှ ၂၈ |
| ၇။ | အခန်း(၆) ပါတီအဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းတည်ဆောက်ပုံ | ၂၉ မှ ၃၂ |
| ၈။ | အခန်း(၇) ရေးရာကော်မီတီများ | ၃၃ မှ ၃၇ |
| ၉။ | အခန်း(၈) လုပ်ထုံးလုပ်နည်းများသတ်မှတ်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုပြင်ဆင်ခြင်း | ၃၇ မှ ၃၈ |
| ၁၀။ | အခန်း(၉) အထွေထွေကိစ္စရပ်များ | ၃၈ |
| ၁၁။ | ဖွဲ့စည်းပုံဇယား (နောက်ဆက်တွဲ) | ၃၉ မှ ၄၁ |

# ကချင်အမျိုးသားပါတီ
# ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ

## နိဒါန်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝှမ်းလုံးတွင်အစိုးရတပ်မတော်၊တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊နိုင်ငံရေးပါတီများနှင့်ပြည်သူလူထုတစ်ရပ်လုံးမှသမိုင်းတွင်မကြုံဘူးအောင်ပါတီစုံဒီမို ကရေစီစနစ်ဖော်ဆောင်ရေးနှင့်အတူအမျိုးသားတန်းတူညီမျှမှုအခွင့်ရရှိရေး၊ ကိုယ်ပိုင်အုပ်ချုပ်ပြဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ရရှိရေးနှင့်မိမိတို့၏မွေးရာပါအခွင့်အရေးများရရှိရေးအတွက်မိမိတို့၏ သွေးချွေးများကိုပဓာနမထားဘဲတောင်းဆိုတိုက်ပွဲဝင်ခဲ့ကြပါသည်။

၂။ နိုင်ငံတစ်ဝှမ်းလုံးရှိတိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ဆန္ဒနှင့်အညီ၊ရည်ရွယ်ချက်များကိုအောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်နှင့်စည်းစနစ်ကျသည့်နိုင်ငံရေးလှုပ်ရှားမှုတွင်ပြည်ထောင်စုတိုင်းရင်းသားပြည်သူများအားလုံးပါဝင်နိုင်ရန်အလို့ငှာ၊တရားဝင်နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ်မလွဲမသွေလိုအပ်နေကြောင်းတွေ့ရှိရပါသည်။

၃။ ထို့ကြောင့်ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝှမ်းရှိ လူမျိုး၊ဘာသာ၊ ကျားနှင့်မ ၊ဆင်းရဲ ချမ်းသာအဆင့်အတန်းမရွေး၊ပြည်သူလူထုတစ်ရပ်လုံး၏လိုအင်ဆန္ဒများကိုဖြည့်ဆည်းကာကွယ်စောင့် ရှောက်ပေးနိုင်ရန်အတွက်အောက်ဖော်ပြပါဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအတိုင်း ကချင်အမျိုးသားပါတီအားဖွဲ့စည်းတည်ထောင်အပ်ပါသည်။

# အခန်း(၁)
# ပါတီ၏ရည်ရွယ်ချက်၊ ယုံကြည်ချက်၊ သန္နိဋ္ဌာန်၊ မူဝါဒနှင့်လုပ်ငန်းစဉ်များ

## ရည်ရွယ်ချက်

၄။ ပါတီ၏ရည်ရွယ်ချက်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

(က)ကချင်လူမျိုးများ၏ စည်းလုံးညီညွတ်သည့်စိတ်ဓါတ်ကိုအခြေခံ၍တိုင်းရင်းသားလူမျိုးအချင်းချင်းသွေးစည်းညီညွတ်စွာ အတူယှဉ်တွဲနေထိုင်နိုင်သော၊ တရားမျှတမှုရှိပြီးကိုယ်ပိုင်ပြဌာန်းခွင့်၊ ဒေသန္တရပြဌာန်းခွင့်ရှိသည့် **စစ်မှန်သည့်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး** အားတည်ဆောက်နိုင်ရန်။

(ခ)၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြုပြင်ပြောင်းလဲပြီး၊ ပင်လုံကတိကဝတ်အတိုင်းအခြေခံသောတိုင်းရင်းသားများ၏တရားမျှတမှုရှိပြီးတန်းတူရည်တူကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ဒေသန္တရပြဌာန်းခွင့်ရရှိစေနိုင်မည့်အခြေခံဥပဒေအသစ်တစ်ရပ်ပေါ်ပေါက်လာစေရန်။

(ဂ)တိုင်းရင်းသားပြည်သူတစ်ရပ်လုံးဖက်ဒရယ်စနစ်နှင့်အတူဒီမိုကရေစီနှင့်လူ့အခွင့်အရေးများ ပိုမိုခိုင်မာအားကောင်းလာအောင် ဒီမိုကရေစီအင်အားစုများနှင့်အတူပြည်သူနှင့်တစ်သံတည်း၊တစ်ထပ်တည်း၊တစ်သားတည်းရပ်တည်၍လက်တွဲပူးပေါင်းဆောင်ရွက်သွားရန်

(ဃ)ပြည်နယ်နှင့်ဗဟိုအစိုးရကြားတွင် သဘာဝသယံဇာတခွဲဝေသုံးစွဲမှုတန်းတူညီမျှမှုရှိရေးကြိုးပမ်းဆောင်ရွက်သွားမည်။

(င)လက်နက်ကိုင်တိုက်ခိုက်မှုမှန်သမျှအပြီးတိုင်ချုပ်ငြိမ်းစေရန်အတွက်စစ်မှန်ပြီးတရားမျှတခိုင်မာသောပြည်တွင်းငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးကိုအစွမ်းကုန်ကြိုးပမ်းအားထုတ်သွားရန်။

(စ)တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏နေ့စဉ်နှင့်အမျှလုံခြုံစိတ်ချရသော တရားဥပဒေစိုးမိုးမှုရရှိလာစေရန်။

(ဆ)ဒေသအကျိုး၊လူမျိုးအကျိုး၊ပြည်ထောင်စုအကျိုးအတွက်ရည်ရွယ်ချက်တူမူဝါဒတူညီသော အခြားပါတီများနှင့်မိတ်ဖွဲ့၍လက်တွဲဆောင်ရွက်မည်။

(ဇ)ပြည်သူလူထုကိုအခြေပြု၍ရပ်တည်လုပ်ဆောင်သွားရန်။

(ဈ)ကချင်လူမျိုးများ၏စည်းလုံးညီညွတ်သည့်စိတ်ဓာတ်ကိုအခြေခံပြီး တရားမျှတ၍လွတ်လပ်သော ကျန်းမာကြံ့ခိုင်သော ကချင်အမျိုးသားလူ့ဘောင်အဖွဲ့အစည်းသို့သွက်လက်ညီညာသောခြေလှမ်းတို့ဖြင့်ခရီးနှင်မည်။

(ည)အနာဂတ်၏တိုင်းပြည်ခေါင်းဆောင်များပေါ်ထွန်းလာစေရန်အတွက်ကလေး၊လူငယ် မျိုးဆက်သစ်များနှင့်အမျိုးသမီးအရင်းအမြစ်ဦးရေများစွာပါဝင်လာရေးအတွက် အားပေးအားမြှောက်ပြုစုပျိုးထောင်ပေးသွားမည်။

(ဋ)အခက်အခဲကြုံနေရသောကချင်လူမျိုးများအားအတတ်နိုင်ဆုံးကူညီဆောင်ရွက်သွားမည်။

(ဌ)ကျေးဇူးရှင်တောင်သူကြီးများအတွက်ခေတ်ကာလနှင့်လျော်ညီသောစိုက်ပျိုးရေးနှင့် မွေးမြူရေးအားဘက်စုံဖွံ့ ဖြိုးတိုးတက်လာအောင်ကြိုးပမ်းဆောင်ရွက်သွားရန်။

(ဍ)မူးယစ်ဆေးဝါးအားအမျိုးသားရေးတာဝန်အဖြစ်တိုက်ဖျက်သွားရန်နှင့်မသန်မစွမ်းသောသူများနှင့်သက်ကြီးရွယ်အိုများအားအထူးကူညီစောင့်ရှောက်ရန်။

## ယုံကြည်ချက်

၅။ တိုင်းရင်းသားပေါင်းစုံမှီတင်းနေထိုင်သော ကျွန်ုပ်တို့နိုင်ငံတော်ကိုပင်လုံစိတ်ဓါတ်နှင့်အညီ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်၍ တိုင်းရင်းသားများကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်တန်းတူအခွင့်အရေးများရရှိပြီးပြည်သူများအားလုံးအချင်းချင်းယုံကြည်မှုရှိခြင်း၊တန်းတူအခွင့်အရေးရရှိခြင်း၊လွတ်လပ်ခြင်း၊တရာမျှတခြင်း၊ဒီမိုကရေစီစနစ်ကျင့်သုံး ခြင်း မွေးရာပါ လူ့အခွင့်အရေးအပြည့်အဝရရှိခြင်းတို့ကို ခံစားခွင့်ရှိမှသာထာဝရငြိမ်းချမ်းသာယာဝပြောသော ဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်ရောက်ရှိလာမည်ဖြစ်ပါသည်။ပြည်ထောင်စု၏အစိတ်အပိုင်းတစ်ခုဖြစ်သော ရှမ်းပြည်နယ်သည်လည်းအထက်ပါအချက်အလက်များနှင့်ပြည့်စုံပြီးပြည်နယ်သူပြည်နယ်သားများအားလုံး

အချင်းချင်း လူမျိုးဘာသာမခွဲခြားပဲ စည်းလုံးညီညွတ်စွာဖြင့် ပြည်နယ်၏တိုးတက်ရာတိုးတက်ကြောင်း၊ တိုင်းပြည်တိုးတက်ရာတိုးတက်ကြောင်း ကောင်းကျိုးအဖြာဖြာပေါ်ထွန်းလာစေရေးအတွက်လက်တွဲညီညီ ဆောင်ရွက်ကြမှသာ၊ သာသာယာဝပြောသောပြည်နယ်တစ်ခုအဖြစ်ပေါ်ထွန်းလာနိုင်မည်ဟုအခိုင်အမာယုံကြည်ပါသည်။

## ပါတီဝင်များ၏သန္နိဋ္ဌာန်

၆။ ပါတီဝင်တိုင်းသည်ပါတီဝင်ဖြစ်ရန်အတွက်အောက်ပါအတိုင်းအဓိဋ္ဌာန်ပြုရပါမည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲ၍ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်လာစေရန်အများပြည်သူတို့နှင့် အတူလက်တွဲဆောင်ရွက်သွားပါမည်။

(ခ)ပြည်နယ်အစွန့်ရှည်တည်တံ့ခိုင်မြဲပြီးသာယာဝပြောဖွံ့ဖြိုးတိုးတက်လာစေရန်ကိုယ်စွမ်းဉာဏ်စွမ်း ရှိတရွေ့ကြိုးပမ်းအားထုတ်သွားပါမည်။

(ဂ)ပါတီသည်ပြည်သူလူထုအတွက်အခွင့်ထူးခံလူတမ်းစားတစ်ရပ်ဖြစ်မလာစေရန် အမြဲသတိထားရှောင်ကျဉ်ပါမည်။

(ဃ )ပါတီသည် ပြည်သူလူထု၏ဆန္ဒ ၊ခံစားချက်နှင့် ဘဝအခြေအနေမှန်တို့ကိုအမြဲတစေနှလုံးသွင်းပါမည်။

(င)ပါတီအကျိုးနှင့်ပြည်သူလူထုအကျိုးကိုတက်တက်ကြွကြွထမ်းဆောင်သွားမည်။

(စ)ပါတီနှင့်ပြည်သူလူထုအပေါ်အမြဲတစေသစ္စာစောင့်သိပါမည်။

(ဆ)ပါတီ၏ စည်းကမ်းများကိုအစဉ်အမြဲမပျက်မကွက်လိုက်နာပါမည်။

(ဇ )မိမိပါတီအရေးအစဉ်အမြဲတာဝန်သိမှု၊တာဝန်ယူမှု၊တာဝန်ခံမှုရှိပါမည်။

(ဈ)အရာရာ၌အကောင်းမြင်တတ်ပြီးအပြုသဘောဆောင်ပါမည်။

(ည)ကိုယ့်ကိုယ်ကိုဝေဖန်ခြင်း၊ အမြဲတစေပြုလုပ်ပြီး အမှားများကိုပြုပြင်ပါမည်။

(ဋ)မိမိလုပ်ဖော်ကိုင်ဖက်များ၏အမှားများကိုကူညီပြုပြင်ပေးပါမည်။

## ပါတီ၏မူဝါဒများ

၇။ ပါတီ၏မူဝါဒများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(က)**အမျိုးသားရေးဝါဒ**

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုအစဉ်ဦးတည်သည်။

(ခ)**နိုင်ငံရေးမူဝါဒ**

တိုင်းရင်းသားပြည်သူလူထု၏အကျိုးစီးပွားကိုဦးထိပ်ထား၍စစ်မှန်သောပါတီစုံဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ကိုကျင့်သုံးမည်။

(ဂ) **လူ့အခွင့်အရေးဆိုင်ရာမူဝါဒ**

နိုင်ငံသားတိုင်း၏အခွင့်အရေးနှင့်ရပိုင်ခွင့်များအပြည့်အဝရရှိရေးဦးတည်သည်။

(ဃ) **တိုင်းရင်းသားရေးရာဆိုင်ရာမူဝါဒ**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားပါမည်။ တိုင်းရင်းသားများ၏ရသင့်ရထိုက်သောအခွင့်အရေးများကိုအပြည့်အဝရရှိခံစားနိုင်အောင်ဆောင်ရွက်မည်။

(င) **တောင်သူလယ်သမားရေးဆိုင်ရာမူဝါဒ**

တောင်သူလယ်သမားများ၏လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်မည်။ လယ်ယာထွက်ကုန်ပစ္စည်းများအား ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်ရေးဆောင်ရွက်မည်။ ထို့အပြင်လယ်လုပ်သူလယ်ပိုင်ခွင့်ရရှိစေရမည်။

(စ) **အလုပ်သမားရေးဆိုင်ရာမူဝါဒ**

အလုပ်သမား၏လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်မည်။ အလုပ်သမားများ၏အခွင့်အရေးများကိုအပြည့်အဝရရှိခံစားနိုင်အောင်ဆောင်ရွက်မည်။

(ဆ) **ဘာသာရေးဆိုင်ရာမူဝါဒ**

မိမိယုံကြည်ကိုးကွယ်ရာဘာသာအလိုက်လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊သာသနာပိုင်မြေနေရာပိုင်ဆိုင်ခွင့်ရရှိအောင်ဆောင်ရွက်မည်။ဘာသာပေါင်းစုံချစ်ကြည်ရင်းနှီးစွာဖြင့်အမြဲအတူတစ်ကွယုဉ်တွဲနေထိုင်နိုင်ရေးမူအားလက်ကိုင်ထားမည်။

(ဇ) **ပညာရေးဆိုင်ရာမူဝါဒ**

ပညာရေးကိုပြည်တွင်း၌ အဆင့်မီအောင်ဆောင်ရွက်မည်သာမက၊ နိုင်ငံတကာအဆင့်မီအောင်ကြိုးပမ်းဆောင်ရွက်မည်။လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်မည်။ပညာမတတ်သူလျော့နည်းပပျောက်ရေးကြိုးပမ်းဆောင်ရွက်မည်။

(ဈ) **ကျန်းမာရေးဆိုင်ရာမူဝါဒ**

တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးကြိုးပမ်းဆောင်ရွက်မည်။ လူသားတိုင်းအခမဲ့ဆေးကုသခွင့်ရရှိရေးဆောင်ရွက်မည်။မူးယစ်ဆေးဝါးကင်းရှင်းသောလူ့အသိုင်းအဝိုင်းဖြစ်အောင်အစဉ်ကြိုးပမ်းဆောင်ရွက်မည်။

(ည) **ယဉ်ကျေးမှုဆိုင်ရာမူဝါဒ**

အမျိုးသား စာပေနှင့်ယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်

ရှောက်မည်။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း လူမျိုးတစ်မျိုးချင်းစီ၏ စာပေနှင့်ယဉ်ကျေးမှု အားလေးစားမှုရှိရေး၊ အမြင်ချင်းနီးနှောဖလှယ်ရေး အစဉ်ဦးတည်ဆောင်ရွက်မည်။

(၄) **စီးပွားရေးမူဝါဒ**

အမျိုးသားအကျိုးစီးပွားကိုကာကွယ်ပြီး၊ ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးမည်။တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင်၊ တိုးတက်ပြောင်းလည်းနေသောခေတ်နှင့် လျော်ညီစွာစီး ပွားရေးမူဝါဒများကိုချမှတ်၍ဆောင်ရွက်သွားမည်။

(၅) **သဘာဝသယံဇာတဆိုင်ရာမူဝါဒ**

သဘာဝသယံဇာတ နှင့်ပတ်သက်၍ ဒေသခံနိုင်ငံသားတိုင်းအကျိုးခံစားခွင့်နှင့်ရပိုင်ခွင့်များအ ပြည့်အဝရရှိရေးဦးတည်သည်။ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းဆောင်ရွက်ပေးရပါမည်။

## ပါတီလုပ်ငန်းစဉ်များ

၁။ **အမျိုးသားရေးလုပ်ငန်းစဉ်များ**

(က)ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကိုအစဉ်ဦးတည်သည်။

(ခ)ပြည်ထောင်စုကြီး ထာဝစဉ်တည်တန့်ခိုင်မြဲရေးအတွက်နိုင်ငံတော်အတွင်း၌အခြားတိုင်းရင်း သားညီအစ်ကိုများနှင့်ချစ်ကြည်ရင်းနှီးစွာဖြင့် အစဉ်ယှဉ်တွဲနေထိုင်သွားမည်။

(ဂ)မိမိတို့နေထိုင်ရာဒေသများ၌ လူမှုစီးပွားရေးနှင့်ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မည်။

(ဃ)အထက်ပါအချက်များ၊ အားဖြည့်နိုင်ရန်အတွက် စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ရှင်သန်ထွန်း ကားအောင်စိတ်ပိုင်းဆိုင်ရာတည်ဆောက်မှုများဆောင်ရွက်သွားမည်။

၂။ **နိုင်ငံရေးလုပ်ငန်းစဉ်များ**

(က)ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ် ပုံအခြေခံဥပဒေကိုခံယူ၍လိုက်နာ ကျင့်သုံးသွားမည်။အခြေခံဥပဒေအားပြင်ဆင်ဖို့လိုအပ်လာလျှင်ပြင်ဆင်နိုင်ရေးကြိုးပမ်းဆောင် ရွက်မည်။

(ခ)ယခင်ခေတ်အဆက်ဆက်ကျင့်သုံးခဲ့သောအုပ်ချုပ်ပုံစနစ်၏အားနည်းချက်၊အားသာချက် များ ကိုပြန်လည်ဝေဖန်ဆန်းစစ်ပြီးလူ့အခွင့်အရေး၊တရားဥပဒေစိုးမိုးရေးနှင့်လောကပါလတရား(၃) ပါးနှင့်ပြည့်စုံသောပါတီစုံဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်အား အမျိုးသားအကျိုးစီးပွားကိုဦး ထိပ်ထား၍မှန်မှန်ကန်ကန်နှင့်အနှစ်သာရရှိရှိကျင့်သုံးဆောင်ရွက်နိုင်အောင်ကြိုးပမ်းမည်။

(ဂ)မတူကွဲပြားသောပထဝီအနေအထား၊ ဘာသာစကား၊ စာပေ၊ယဉ်ကျေးမှုတို့ဖြင့်တိုင်းရင်းသား

လူမျိုး (၁၃၅)မျိုးတို့ စုပေါင်းနေထိုင်သောမြန်မာနိုင်ငံကိုတစ်ပြည်ထောင်စနစ်မကျင့်သုံးဘဲပင်လုံမူအရစစ်မှန်၍တရားမျှတသော၊ တန်းတူရည်တူရှိသောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့်သာဖော်ဆောင်သွားမည့်မူအတိုင်းရပ်တည်ဆောင်ရွက်သွားမည်။

(ယ)ဖက်ဒရယ်ပြည်ထောင်စုကို ဖွဲ့စည်းရာတွင် ပြည်ထောင်စု (သို့) ပြည်နယ်တစ်ခုချင်း၏လူဦးရေအနည်းအများပေါ်၌သော်လည်းကောင်း၊ ပြည်နယ်တစ်ခုချင်းစီ၏ အရွယ်ပမာဏအကြီးအသေးအပေါ်၌သော်လည်းကောင်း၊ အခြေမခံဘဲအဓိကတန်းတူရည်တူဖြင့်သာဖွဲ့စည်းရမည်။

( င)ဖက်ဒရယ်ဒီမိုကရေစီအောင်မြင်ရေးအတွက်အဓိကအကျဆုံးဖြစ်သောပြည်သူလူထု၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုကြိုးပမ်းဆောင်ရွက်မည်။

(စ)ပြည်ထောင်စုဝင်ပြည်နယ်များအသီးသီးတွင်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့်နိုင်ငံရေးအာဏာ (၃)ရပ်ဖြစ်သော-ဥပဒေပြုရေးအာဏာ၊တရားစီရင်ရေးအာဏာ၊အုပ်ချုပ်ရေးအာဏာများကို သီးခြားလွတ်လပ်စွာထိန်းကျောင်းနိုင်သော ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများအားပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်မဆန့်ကျင်ဘဲပြဋ္ဌာန်းခွင့်ရှိစေရမည်။

(ဆ)ငှင်းခက်မသုံးဖြာ တည့်မတ်မှန်ကန်အောင်ထိန်းကြောင်းပေးရမည့် စတုတ္ထမဏ္ဍိုင်ဖြစ်သောမီဒီယာကဏ္ဍအနေဖြင့်အမျိုးသားအကျိုးစီးပွားကို အခြေခံဆောင်ရွက်စေရေးကြိုးပမ်းဆောင်ရွက်သွားမည်။

(ဇ)အမျိုးသားတန်းတူရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ပျောက်ဆုံးခဲ့ရသော လူမျိုးစုပြဿနာသည် နိုင်ငံရေးပြဿနာပင်ဖြစ်သောကြောင့် ယင်းလူမျိုးစုပြဿနာများကို လက်နက်ဖြင့်ဖိအားပေးဖြေရှင်းနည်းမျိုးမဟုတ်ဘဲ နိုင်ငံရေးနည်းလမ်းအရစားပွဲဝိုင်း၌စုပေါင်းဖြေရှင်းအဖြေရှာခြင်းကိုသာလျှင်သဘောတူသည်။

(ဈ)ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောရန် တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးသည်မရှိမဖြစ်လိုအပ်သည်။ ထို့ကြောင့်ပြည်တွင်းငြိမ်းချမ်းရေးအပြည့်အဝရရှိရန် လက်နက်ကိုင်တိုက်ခိုက်မှုမှန်သမျှအပြီးတိုင်ချုပ်ငြိမ်းစေပြီးစစ်မှန်၍ခိုင်မာသောပြည်တွင်းငြိမ်း ချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပင်လုံစိတ်ဓာတ်နှင့် ပင်လုံကတိကဝတ်ကိုအခြေခံလျက်အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်။

(ည)ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည်တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်ကြသောနိုင်ငံတစ်နိုင်ငံဖြစ်သဖြင့်တိုင်းပြည်အေးချမ်းသာယာဝပြော၍ဖွံ့ဖြိုးတိုးတက်လာရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည်မရှိမဖြစ်လိုအပ်သည်။ သို့ဖြစ်၍တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအပြည့်အဝရရှိလာရန် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်သွားမည်။

(ဋ)လူ့အဖွဲ့အစည်းအတွင်းလွတ်လပ်မှုနှင့်တာဝန်ရှိမှုကို ဟန်ချက်ညီညီကျင့်သုံးသည့်ဒီမိုကရေစီကျင့်စဉ်များထွန်းကာစေရေးအတွက်ဆောင်ရွက်သွားမည်။

(ဌ) ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါလူ့အခွင့်အရေးသတ်မှတ်ချက်များနှင့်အညီ လူ့အခွင့်အရေးထွန်းကားပြန့်ပွားရေးကိုဆောင်ရွက်သွားမည်။

(ဍ)ပညာရေး၊ကျန်းမာရေး၊စီးပွားရေး၊လူမှုရေး၊လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး

အတွက်ကြိုးပမ်းဆောင်ရွက်သွားမည်။

(ဗ)ရပ်ကွက်၊ကျေးရွာ အုပ်ချုပ်ရေးမှူးအားပြည်သူများမှတိုက်ရိုက်ရွေးချယ်ခန့်အပ်သကဲ့သို့မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးများကိုလည်း ပြည်သူမှ တိုက်ရိုက်ရွေးချယ်ခန့်အပ်သောဒီမိုက ရေစီကျင့်စဉ်အတိုင်း ဆောင်ရွက်သွားမည်။

## ၁၀။ လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းစဉ်

ပြည်သူများအနေဖြင့် အောက်ပါအခွင့်အရေးများကို အခြေခံဥပဒေနှင့်အညီကျင့်သုံးနိုင်ရေးအ တွက်ဆောင်ရွက်သွားမည်။

(က)လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်ရရှိရန်၊

(ခ)အခမဲ့ပညာသင်ကြားခွင့်ရရှိရန်၊

(ဂ)လွပ်လပ်စွာစီးပွားရေးလုပ်ပိုင်ခွင့်ရရှိရန်၊

(ဃ)လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်နှင့် သာသနာပြုခွင့်၊ ပိုင်ဆိုင်ခွင့်ရရှိရန်၊

(င)အသင်းအဖွဲ့များလွတ်လပ်စွာဖွဲ့စည်းခွင့်ရရှိရန်၊

(စ)လွတ်လပ်စွာရွေးကောက်တင်မြှောက်ခွင့်နှင့်ရွေးချယ်ပိုင်ခွင့်ရရှိရန်၊

(ဆ)နိုင်ငံသားတို့၏မူလအခွင့်အရေးအပြည့်အဝရရှိရန်၊

(ဇ)လူသားတိုင်း၏မွေးရာပါအခြေခံအခွင့်အရေးကိုကာကွယ်မြင့်တင်ရန်၊

(ဈ)အလုပ်သမားများ၏အခွင့်အလမ်းများအပြည့်အဝရရှိရန်၊

(ည)တောင်သူလယ်သမားများ၏အခွင့်အလမ်းများအပြည့်အဝရရှိရန်၊

(ဋ)လူနည်းစုများ၏ အခွင့်အရေးများကို ဥပဒေဘောင်အတွင်းမှ ကာကွယ်စောင့်ရှောက်သွား မည်။

## ၁၁။ တိုင်းရင်းသားရေးဆိုင်ရာလုပ်ငန်းစဉ်

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်အောက်ပါအတိုင်းဆောင်ရွက်သွားမည်။

(က)တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ အပြန်အလှန်နားလည်ယုံကြည်မှုတည် ဆောက်ရေး၊ချစ်ခင်လေးစားရေးနှင့်ရိုင်းပင်းကူညီရေးတို့တိုးတက်ဖွံ့ဖြိုးစေရန်ဆောင်ရွက်မည်။

(ခ)ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားများ၏အခွင့်အရေးများ အပြည့်အဝရရှိနိုင် အောင်ဆောင်ရွက်သွားမည်။

(ဂ)အုပ်ချုပ်ရေးယန္တရားတွင် တိုင်းရင်းသားအားလုံး လူမျိုး၊ဘာသာမခွဲခြားပဲ ပါဝင်နိုင်အောင် ဆောင်ရွက်သွားမည်။

(ဃ)ဘာသာစကား၊စာပေ၊အနုပညာ၊ယဉ်ကျေးမှုတို့ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

(င)နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအားအလေးထားဆောင်ရွက်သွားမည်။

(စ)ကျေးရွာဒေသ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန်နှင့် (လမ်း၊ မီး၊ ရေ) ရရှိရေး ဆောင်ရွက်သွားမည်။

၁၂။ **တောင်သူလယ်သမားရေးဆိုင်ရာလုပ်ငန်းစဉ်**

တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အောက်ပါအတိုင်း ဆောင်ရွက်သွားမည်။

(က)လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်ရောင်းချခွင့်ရရှိအောင်ဆောင်ရွက်သွားမည်။

(ခ)တောင်သူလယ်သမားများဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက်လယ်ယာထွက်ကုန်များအားသင့်လျော်သည့်ဈေးနှုန်းရရှိရေးဆောင်ရွက်သွားမည်။

(ဂ)လယ်ယာထွက်ကုန်များအတွက် ပြည်ပသို့တင်ပို့ရောင်းချနိုင်အောင်ဈေးကွက်အား ချဲ့ထွင်ဆောင်ရွက်ပေးသွားမည်။

(ဃ)လယ်ယာထွက်ကုန်များ၏အရည်အသွေးမြင့်မားရေး၊ လေလွင့်ဆုံးရှုံးမှုလျော့ပါးစေရေးအတွက်နည်းပညာများခေတ်မီတိုးတက်အောင်ဆောင်ရွက်ပေးသွားမည်။

(င)ခေတ်မီ စိုက်ပျိုးရေးနည်းပညာများ၊ လယ်ယာသုံး စက်မှုနည်းပညာများကိုတောင်သူလယ်သမားများအကုန်အကျသက်သာစွာအသုံးပြုနိုင်ရေးကူညီဆောင်ရွက်သွားမည်။

(စ)စိုက်ပျိုးရေးအတွက်အရင်းအနှီးများကိုရရှိနိုင်အောင်နည်းလမ်းရှာပြီးကူညီဆောင်ရွက် သွားမည်။

(ဆ)လယ်လုပ်သူလယ်ယာမြေပိုင်ဆိုင်ခွင့်ရရှိအောင်ဆောင်ရွက်သွားမည်။

(ဇ)တိုင်းရင်းသားပြည်သူများ၏ရိုးရာဓလေ့မြေအသုံးချလုပ်ကိုင်ခွင့်အစဉ်တစိုက်ရရှိရေးအတွက်ရပ်တည်ဆောင်ရွက်ပေးမည်။

(ဈ)ဒေသခံများ၏ဘိုးဘွားပိုင်မြေယာများကို မြေလွတ်မြေရိုင်းများဟုသတ်မှတ်ပြီးဥပဒေနှင့်သိမ်းယူရန်ခြိမ်းခြောက်ခံရခြင်းမှကင်းဝေးစေရန်ကာကွယ်စောင့်ရှောက်သွားမည်။

(ည)မြေယာများမတရားသိမ်းဆည်းမှုများကို ပပျောက်စေရေးနှင့်မတရားသိမ်းဆည်းထားသောမြေယာများကို ဥပဒေနှင့်အညီ ပြန်လည်ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

၁၃။ **အလုပ်သမားရေးရာလုပ်ငန်းစဉ်**

အလုပ်သမားများ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်လာစေရန်အောက်ပါအတိုင်းဆောင်ရွက်သွားမည်။

(က)အလုပ်သမားများအားလုံးလူမှုဖူလုံရေးခံစားခွင့်ပိုမိုရရှိအောင်ကြိုးပမ်းဆောင်ရွက်သွား မည်။

(ခ)အလုပ်သမားများ၏ အခွင့်အရေးကိုအကာအကွယ်ပေးသည့် ဥပဒေများကို ခေတ်စနစ်နှင့်အညီဖြစ်စေရန်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်သွားမည်။

(ဂ) အလုပ်သမားများ၏ အနိမ့်ဆုံးလုပ်အားခလစာ သတ်မှတ်ချက်ကို၊ ဖြစ်ပေါ်နေသည့်လူနေမှုစရိတ်နှင့်လိုက်လျောညီထွေရှိစေရေးအတွက်ကြိုးပမ်းအားထုတ်ကာဆောင်ရွက်သွားမည်။

(ဃ)အလုပ်သမားတိုင်းအလုပ်အကိုင်ရရှိနိုင်ရေးဆောင်ရွက်သွားမည်။

(င)ပြည်နယ်ရှိတိုင်းရင်းသားများ၊ပြည်နယ်သူ၊သားများနှင့်ကချင်လူမျိုးတိုင်းအလုပ်လက်မဲ့ ပပျောက်ရေး၊ အလုပ်အကိုင်ရရှိရေးနှင့် တစ်ဦးချင်းဝင်ငွေ၊ မိသားစုဝင်ငွေတိုးတက်လာစေပြီးစားဝတ်နေ

ရေးဖွံ့ဖြိုးတိုးတက်လာစေရန်အလေးအနက်ထား၍ကြိုးပမ်းဆောင်ရွက်သွားမည်။

၁၄။ **ဘာသာရေးဆိုင်ရာလုပ်ငန်းစဉ်**

ဘာသာရေးနှင့်ပတ်သက်၍ဘက်လိုက်မှုမရှိပဲတရားမျှတစွာဖြင့် အောက်ပါအတိုင်းဆောင်ရွက်သွားမည်။

(က)အခြားဘာသာ၊သာသနာကိုထိခိုက်နစ်နာမှုမရှိစေဘဲ မိမိယုံကြည်ကိုးကွယ်သည့်ဘာသာကို လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရရှိအောင်အခြေခံဥပဒေနှင့်အညီဆောင်ရွက်သွားမည်။

(ခ)ကိုးကွယ်သည့်ဘာသာ၊ သာသနာကိုအကြောင်းပြုပြီးခွဲခြားဆက်ဆံမှုမရှိအောင်ဆောင်ရွက်သွားမည်။

(ဂ)ဘာသာရေးကိုနိုင်ငံရေးအတွက်ခုတုံးလုပ်အသုံးချခြင်းမှရှောင်ကျဉ်သွားမည်။

(ဃ)ဘာသာ၊ သာသနာအချင်းချင်းနားလည်သင့်မြတ်ချစ်ခင်ရင်းနှီးမှုကိုဆောင်ရွက်သွားမည်။

၁၅။ **ပညာရေးဆိုင်ရာလုပ်ငန်းစဉ်**

(က)ကျေးလက်ဒေသများ၌ကျောင်းဆရာ၊ဆရာမများ မလုံလောက်မှုကြောင့်ပညာရေးနှောင့်နှေးမှုကို မြှင့်တင်ပေးရန်။

(ခ)ကျောင်းသား၊ ကျောင်းသူဦးရေနှင့်ဆရာ၊ဆရာမများ ဦးရေအချိုးမညီမျှခြင်းအားဖြည့်ဆည်းဆောင်ရွက်ပေးရန်၊

(ဂ)ကျေးလက်ဒေသများ၌ဒေသခံများကိုသာကျောင်းဆရာ၊ဆရာမအဖြစ်ဦးစားပေးခန့်အပ်ပေးရန်။

(ဃ)ဆရာ၊ဆရာမများအား အရည်အချင်းမြှင့်တင်ပေးခြင်း၊ လစာလုံလောက်စွာရရှိနိုင်ရန်တင်ပြတောင်းဆိုပေးခြင်း၊ စာသင်ချိန်ပျက်ကွက်ခြင်းမရှိစေရေး တို့အားဖြည့်ဆည်းဆောင်ရွက်ပေးရန်၊

(င)စာသင်ကျောင်းဆောင်နှင့် အထောက်အကူပစ္စည်းများ မလုံလောက်ခြင်း၊ ဝန်ထမ်းများနေအိမ်မရှိခြင်းအားဆောင်ရွက်ပေးရန်၊

(စ)ကျေးလက်ဒေသမှကျောင်းရရှိမှုနည်းခြင်း၊အထက်တန်းကျောင်းမရှိခြင်းတို့အား ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊

(ဆ)ကျောင်းများတွင် တိုင်းရင်းသားစာပေ သင်ကြားချိန် နည်းလွန်းခြင်းကြောင့်သင်ကြားချိန်လုံလောက်စွာရရှိနိုင်ရန်နှင့် တိုင်းရင်းသားစာပေအတွက်အစိုးရမှသင်ရိုးထည့်သွင်းပြဋ္ဌာန်းပေးရန်၊

(ဇ)ဘာသာစကားအခက်ခဲနှင့် သင်ရိုးမကိုက်ညီခြင်းတို့အားနည်းလမ်းရှာ၍ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊

(ဈ)ဆင်းရဲခက်ခဲသောမိသားစုများမှ ကျောင်းနေအရွယ်ကလေးများ ကျောင်းပညာအားအခမဲ့ကောင်းမွန်စွာသင်ကြားနိုင်ရန်ဆောင်ရွက်မည်။

(ည)တိုင်းရင်းသားဒေသအား ခွဲခြားဆက်ဆံခံရခြင်းတို့ရှိနေခြင်းကြောင့်တိုင်းရင်းသားစည်းလုံးညီ

ညွတ်ရေးပြန်လည်ဖော်ဆောင်ပေးရေးဆောင်ရွက်မည်။

(ဋ)ကချင်အမျိုးသားပညာရေးနှီးနှောဖလှယ်ရာဂေဟာများ အားတည်ထောင်မည်။

၁၆။ **ကျန်းမာရေးဆိုင်ရာလုပ်ငန်းစဉ်**

(က)လူသားတိုင်းကျန်းမာသန်စွမ်းရမည်ဟူသောဦးတည်ချက်ဖြင့်ဆောင်ရွက်သွားမည်။

(ခ)လူတိုင်းသက်စေ့အသက်ရှင်နေနိုင်ရေးဆောင်ရွက်သွားမည်။

(ဂ)လူတိုင်းလူတိုင်းရောဂါဘယကင်းရှင်းရေးဆောင်ရွက်သွားမည်။

(ဃ)လူတိုင်းစေ့ ဆေးကုသမှုခံယူခွင့် လွယ်ကူစွာရရှိနိုင်ရေးဆောင်ရွက်သွားမည်။

(င)လူတိုင်းစေ့အာဟာရ ခွန်အားချို့တဲ့မှုကင်းစေရေးစသည်တို့ကိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက်နှစ်စဉ်လုံလောက်သောကျန်းမာရေးဘတ်ဂျက်အားချမှတ်ပေးရန်နှင့်ခေတ်စနစ်နှင့်လျော်ညီသောကျန်းမာရေးဥပဒေများအားပြင်ဆင်ဖြည့်စွက်ပေးရေးဆောင်ရွက်မည်။

(စ)သက်ကြီးရွယ်အိုနှင့် ၁၀ နှစ်အောက်ကလေးငယ်များအား ကျန်းမာရေးအခမဲ့စောင့်ရှောက်ကုသမှုစနစ်ကို ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းပေးနိုင်ရေးတင်ပြဆောင်ရွက်သွားမည်။

(ဆ)ပုဂ္ဂလိကဆေးရုံ၊ဆေးခန်းများနှင့်တိုင်းရင်းဆေးကုသမှုများကိုလည်းဥပဒေနှင့်စည်းမျဉ်း စည်းကမ်းများချမှတ်လျက် ဖွင့်လှစ်စေမည်။

(ဇ)ပြည်သူ့ဆေးရုံ၊ ဒေသန္တရကျန်းမာရေးဆေးပေးခန်းများ၊ ဝေးလံသောကျေးရွာရပ်ကွက်များတွင် ကျေးလက်ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးရန် နှင့် ကျန်းမာရေးဝန်ထမ်းများအား လုံလောက်စွာခန့်အပ်သွားရမည်။ဒေသခံဆရာဝန် ၊သူနာပြု၊သားဖွားဝန်ထမ်းများကိုဦးစားပေးမွေးထုတ်ခန့်အပ်ရေးဆောင်ရွက်သွားမည်။

(ဈ)ပြည်သူ့ဆေးရုံ၊တိုက်နယ်ဆေးရုံ၊ဒေသန္တရကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနအသီးသီးတွင်ခေတ်မီသောကျန်းမာရေးအထောက်အကူပြုပစ္စည်းများအားလုံလောက်စွာ တပ်ဆင်ခွင့်ရရှိရန်နှင့်ကိရိယာကျွမ်းကျင်ဝန်ထမ်းလုံလောက်စွာ ခန့်အပ်ပေးရန်၊ထို့အပြင်ဆေးကုသမှုခံယူသူများအားကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုမျိုးကိုပေးနိုင်အောင်ဖော်ဆောင်မည်။

(ည)တိုင်းရင်းသားဘာသာစကားတတ်ကျွမ်းနားလည်သောကျန်းမာရေးဝန်ထမ်းများအား ယင်းဘာသာစကားနှင့်သင့်လျော်သောဒေသတွင်ဦးစားပေးခန့်အပ်ရေးဆောင်ရွက်မည်။

(ဋ)ဒေသခံများကျန်းမာရေးအသိပညာအားနည်းခြင်း၊ငွေကြေးအခက်အခဲကြောင့် ဆေးကုသမှုမခံယူနိုင်ခြင်း၊ ဆေးကုရာတွင်ခွဲခြားဆက်ဆံခံရခြင်း စသည့်အခက်အခဲများအား ကင်းဝေးစေရန်ဆောင်ရွက်သွားမည်။

(ဌ)နိုင်ငံ့တာဝန်ထမ်းဆောင်စဉ်ကျန်းမာရေးဆိုးရွားမှုနှင့်ထိခိုက်ကျိုးကန်းမှုဖြစ်ပွားလာလျှင် ဝန်ထမ်းအငြိမ်းစားပင်စင်အပြင် ကျန်းမာရေးဆေးပင်စင်များကိုလည်းခံစားခွင့်ရှိစေရန်ဥပဒေဖြင့်ပြဋ္ဌာန်းပေးရေးဆောင်ရွက်သွားမည်။

၁၇။ **ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းစဉ်**

အမျိုးသားစာပေနှင့်ယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက်အောက်ပါအတိုင်းဆောင်ရွက်သွားမည်။

(က)သမိုင်းကြောင်းအထောက်အထားနှင့်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များရေရှည်တည်တံ့အောင်ဖော်ထုတ်ထိမ်းသိမ်းစောင့်ရှောက်ကာကွယ်သွားမည်။

(ခ)အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်စေရေးအတွက် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ရိုးရာပန်းချီ၊ ပန်းပု၊ လက်လုပ်ပစ္စည်း များကိုကိုယ်ပိုင်ယဉ်ကျေးမှုစံနှုန်းများနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်သွားမည်။

(ဂ)မိမိ၏ရိုးရာဓလေ့ထုံးတမ်း၊စာပေနှင့်ယဉ်ကျေးမှုများနှင့်စပ်လျဥ်း၍ လွတ်လပ်စွာဆောင်ရွက်ခွင့်နှင့်ဖွံ့ဖြိုးတိုးတက်လာစေရန်အားပေးမြှင့်တင်သွားမည်။

(ဃ)အမျိုးသားယဉ်ကျေးမှုဘောင်အတွင်းမှ တီထွင်ဆန်းသစ်မှုများကိုလည်းအားပေးမြှင့်တင်သွားမည်။

(င)လိမ္မာယဉ်ကျေးသောလူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်လာစေရန်တည်ဆောက်မည်။

(စ)မူးယစ်ဆေးဝါးတားဆီးနိုင်နှင်းရေး၊ မူးယစ်ဆေးဝါးသုံးစွဲနေသူများအား မူးယစ်ဆေးဝါးဖြတ်တောက်ပေးပြီး ကိုယ်ခန္ဓာ၊ စိတ်ဓါတ်များကို ပြန်လည်မြှင့်တင်ပေးခြင်းဖြင့် လူ့အသိုင်းအဝိုင်း၌ကောင်းမွန်စွာတစ်ဖန်ပြန်လည်နေထိုင်အသက်ရှင်တတ်ရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအားထိရောက်စွာဆောင်ရွက်သွားမည်။

၁၈။ **စီးပွားရေးလုပ်ငန်းစဉ်**

(က)တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များပေါ်ထွန်းလာရေးကိုအားပေးသွားမည်။

(ခ)စီးပွားရေးလုပ်ငန်းအသစ်များကိုရှာဖွေဖေါ်ထုတ်ရာ၌အားပေးကူညီဆောင်ရွက်သွားမည်။

(ဂ)အသေးစား၊ အလတ်စား၊ အကြီးစားငွေချေးလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမ အသင်းများ၊ ပုဂ္ဂလိကဘဏ်များ၊ အာမခံလုပ်ငန်းများကိုတစ်ဦးတစ်ယောက်တစ်စုတစ်ဖွဲ့မှ လက်ဝါးကြီးအုပ်ချယ်လှယ်မှုမရှိစေဘဲနိုင်ငံသားတိုင်းတန်းတူလွတ်လပ်စွာလုပ်ကိုင်ခွင့်ပေးပြီး စိုက်ပျိုးရေးစွမ်းအား၊ မွေးမြူရေးစွမ်းအားနှင့်စက်မှုလက်မှုစွမ်းအားများဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်မည်။

(ဃ)နိုင်ငံသားတိုင်း လူတစ်ဦးချင်းစီ၏ဝင်ငွေတိုးတက်လာအောင် စိုက်ပျိုးရေးနှင့်မွေးမြူရေးအားလုပ်ကိုင်သောတောင်သူများ၊အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များနှင့်အသေးစားရင်းနှီးမြှုပ်နှံသောပွဲရုံလုပ်ငန်းရှင်များအတွက် ငွေအရင်းအနှီးအခက်အခဲများ လိုအပ်လာပါက အတိုးနှုန်းသက်သာစွာဖြင့်ထုတ်ချေးနိုင်အောင်ကူညီဆောင်ရွက်မည်။

(င)ငွေကြေးခိုင်မာတောင့်တင်းလာအောင် နိုင်ငံတော်အသုံးစရိတ်ဘတ်ဂျက်လိုငွေများကို ငွေစက္ကူအသစ်ရိုက်နှိပ်စေပြီးဖြေရှင်းသောနည်းလမ်းဟောင်းအစား၊ အခြားသောနည်းလမ်းအသစ်မျိုးဖြင့်ဖြေရှင်းဆောင်ရွက်မည်။

(စ)ပြည်တွင်း၊ပြည်ပဖက်စပ်လုပ်ငန်း စသည့်စီးပွားရေးရင်းနှီးမြှုပ်နှံမှုရှိလာစေနိုင်သောဈေးကွက်စီးပွားရေးစနစ်အခင်းအကျင်းများအား၊ အားပေးကူညီဖော်ဆောင်မြှင့်တင်ပေးပြီး ရေတိုရေရှည်စီမံကိန်းများချမှတ်ကာ၊ ခေတ်ကာလနှင့် ကိုက်ညီသောအမျိုးသားစီးပွားရေးဥပဒေများကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(ဆ)ပြည်တွင်း၊ ပြည်ပပုံမှန် ကူးသန်းရောင်းဝယ်ရေးကို အားပေးကူညီမြှင့်တင်သွားမည်ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာစေရန်ကြိုးပမ်းဆောင်ရွက်သွားမည်။

၁၉။ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မီတီ**

(က)သဘာဝတွင်းထွက်ပစ္စည်းများနှင့် ဒေသထွက်ကုန်ပစ္စည်းများကိုရာခိုင်နှုန်းအလိုက်ဒေသခံပြည်သူများအကျိုးခံစားခွင့်ရရှိရန်ဆောင်ရွက်မည်။

(ခ)တွင်းထွက်ပစ္စည်းများအား ထုတ်ယူသုံးစွဲရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် နှင့်စနစ်တကျထုတ်ယူသုံးစွဲစေရန်ဆောင်ရွက်မည်။

(ဂ) လုပ်ကွက်များကိုအဖွဲ့အစည်းများနှင့် ကုမ္ပဏီများကိုသာပေးခြင်း၊ ခရိုနီကြီးစိုးခြင်း၊တိုင်းရင်းသားလုပ်ငန်းရှင်များနည်းပါးခြင်း၊ ဒေသခံများတစ်ပိုင်တစ်နိုင်လုပ်စားခွင့်မရှိခြင်းတို့မရှိစေရေးဆောင်ရွက်သွားမည်။

(ဃ) သဘာဝသယံဇာတထုတ်ယူမှုကိုအကြောင်းပြုပြီးမူးယစ်ဆေးဝါးပေါ်များလာခြင်း၊ဒေသခံများသုံးစွဲတတ်လာခြင်းကြောင့် လူသားအရင်းအမြစ်များမပျောက်ဆုံးစေရေးအလေးထားဆောင်ရွက်သွားမည်။

(င)သယံဇာတကိုစနစ်တကျထုတ်ယူသုံးစွဲမှုမရှိခြင်း၊ လယ်ယာမြေ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းမျိုးမရှိစေရေးကြိုးပမ်းဆောင်ရွက်သွားမည်။

## အခန်း(၂)
## ပါတီအမည်နှင့်အဆောင်အယောင်များ

၂၀။ **ပါတီ၏အမည်**

ပါတီ၏အမည်သည် ကချင်အမျိုးသားပါတီ ( Kachin National Party)ဖြစ်ပါသည်။

## ၂၁။ ပါတီ၏ အလံ



ပါတီအလံအရွယ်အစားမှာ အလျား(၇. ၅)ပေနှင့် အနံ(၅)ပေရှိပြီး အောက်ခံအရောင်မှာ အနီရင့်ရောင်နှင့် အစိမ်းရင့်ရောင်ကိုထက်ဝက်စီပေါင်းစပ်ထားပါသည်။ အောက်ဖက်တွင် အစိမ်းရောင်၊ အပေါ်ဖက်တွင် အနီရောင်ရှိသည်။ အလယ်တည့်တည့်တွင် အဖြူရောင်အဝိုင်းရှိပြီး ၎င်းအဝိုင်းထဲ၌ ကချင် လူမျိုး၏ အမှတ်သင်္ကေတအဖြစ် မနောတိုင်ကို ထည့်ထားပါသည်။ ပါတီအလံ၏အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အောက်ဖက်တွင်ရှိ အစိမ်းရောင်မှာ ကချင်လူမျိုးများ နေထိုင်သောဒေသ၏ စိမ်းလန်း စိုပြေသောနယ်မြေဒေသကို ပုံဆောင်ပါသည်။

(ခ) အနီရောင်မှာ ရဲရင့်ခြင်း၏အမှတ်လက္ခဏာဖြစ်၍ ပြည်သူလူထု၏အကျိုးကို ရဲရင့်ပြတ်သားစွာ ဆောင်ရွက်ပေးရန်အဓိပ္ပာယ်ကိုဖော်ဆောင်ပါသည်။

(ဂ) အလယ်၌ရှိသော မနောတိုင်မှာ ကချင်လူမျိုးများ၏ထင်ရှားသော အမှတ်လက္ခဏာ ဖြစ်ပါသည်။

(ဃ) မနောတိုင်ကို ဝိုင်းထားသောအဖြူရောင်အဝိုင်းမှာ မိမိဒေသ၊ မိမိ ပတ်ဝန်းကျင်၊ မိမိနိုင်ငံ အကျိုးကိုဖြူစင်ရိုးသားသော စိတ်ထားဖြင့်အစွမ်းကုန် ဆောင်ရွက်ပေးမည် ဆိုသော ဖြူစင်ရိုးသားသည့် စိတ်ဓာတ်ကိုဖော်ဆောင်ပါသည်။

## ၂၂။ ပါတီ၏ တံဆိပ်




ကချင်အမျိုးသားပါတီ၏ ပါတီအမှတ်တံဆိပ်အဓိပ္ပာယ်ဖွင့်ဆိုချက်

(က) ပါတီအမှတ်တံဆိပ်မှာ ပါတီအလံနှင့်အရောင်အသွေးအဓိပ္ပာယ်ဖွင့်ဆိုချက်အရ အားလုံး တူညီပါသည်။ ပါတီ၏အမှတ်တံဆိပ်ပုံသဏ္ဍာန်မှာအဝိုင်းဖြစ်ပြီး အောက်ခြေအစိမ်းရောင်တွင် Kachin National Party ဟူ၍လည်းကောင်း၊ အပေါ်ဝိုင်း အနီရောင်တွင် ကချင်အမျိုးသားပါတီဟူ၍လည်းကောင်း ရေးသားဝိုင်းရံထားပါသည်။

(ခ) စက်ဝိုင်းပုံအချင်း(၂. ၅)လက်မတွင် အပေါ်ဖက်၌ အနီရောင်၊ အောက်ဖက်တွင် အစိမ်းရောင်ရှိပြီး အလည်တွင် မနောတိုင် ပါရှိသည်။

၂၃။ **ပါတီ၏ ရုံးတံဆိပ်**

ပါတီ၏ရုံးတံဆိပ်သည် အချင်းနှစ်လက်မရှိသော စက်ဝိုင်းပုံဖြစ်၍ အောက်ဖော်ပြပါပုံစံအတိုင်း ဖြစ်သည်။ အောက်ဘက်ကွက်လပ်တွင် မိမိတို့၏ နေရာ၊ ဒေသရုံးဌာနအား ထည့်သွင်းရန်ဖြစ်သည်။




၂၄။ **ပါတီ၏ ရင်ထိုးတံဆိပ်**

ပါတီရင်ထိုးတံဆိပ်သည် အောက်ပါပုံအတိုင်းဖြစ်ပါသည်-



(က) အပေါ်ဖက်၌ အနီရောင်၊ အောက်ဖက်၌ အစိမ်းရောင်ရှိပြီး စက်ဝိုင်းအဖြူအတွင်း၌ မနောတိုင်ကို ထည့်ထားပါသည်။

(ခ ) အရွယ်အစားအနေဖြင့် (၀. ၈)လက်မရှိပြီး ထောင့်မတ်အလျားမှာ (၁. ၂)လက်မရှိပါသည်။

၂၅။ **ပါတီ၏ တည်နေရာ**

အိမ်အမှတ်(၁၈၈)၊ နယ်မြေ ( ၇ )၊ အေးချမ်းသာယာလမ်းသွယ်( ၂ )၊ ရပ်ကွက်( ၁ )၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။

## အခန်း(၃)
## ပါတီဝင်များ ဦးထိပ်ပန်ဆင်ရမည့်အချက်များ

၂၆။ ပါတီဝင်များ ဦးထိပ်ပန်ဆင်ရမည့်အချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(က)ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ပေါ်ထွန်းလာစေရေးကိုဦးထိပ်ထားသည်။

(ခ)ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်နယ်သူပြည်နယ်သားများ အားလုံး၏အကျိုးမိမိလူမျိုး၏ အကျိုးစီးပွားကိုဦးထိပ်ထားသည်။

(ဂ)ပြည်ထောင်စုနယ်မြေအတွင်းရှမ်းပြည်နယ်အားအခြားသောပြည်နယ်များနှင့် တပြေးညီဖွံ့ဖြိုးတိုးတက်လာစေရေးကိုဦးထိပ်ထားသည်။

(ဃ)ဒေသတစ်ခု၊လူတစ်စုအကျိုးထက်ပြည်နယ်တစ်ခုလုံးနှင့်ပြည်နယ်သူ၊ပြည်နယ်သားများအားလုံး၏အကျိုး၊ မိမိလူမျိုး၏အကျိုးကိုဦးထိပ်ထားသည်။

(င)ရှမ်းပြည်နယ်အတွင်းတရားဥပဒေစိုးမိုးရေးနှင့်တရားမျှတမှုရှိရေးကိုပြည်နယ်သားအားလုံးခံစားရရှိနိုင်ရေးကိုဦးထိပ်ထားသည်။

(စ)လူသားတိုင်း၏မွေးရာပါလူ့အခွင့်အရေးကိုခံစားရရှိရေး၊ တန်းတူညီမျှမှုရှိရေးကိုထိန်းသိမ်းကာကွယ်ရေးကို ဦးထိပ်ထားသည်။

# အခန်း(၄)
# ပါတီဝင်များတွင်ရှိရမည့်အရည်အချင်းသတ်မှတ်ချက်၊တာဝန်နှင့်ဝတ္တရားများ၊ ကျင့်ဝတ်များ၊လိုက်နာရမည့်စည်းကမ်း၊ရပိုင်ခွင့်များ၊အရေးယူခြင်း၊ အယူခံဝင်ခြင်း၊ ဂုဏ်ပြုချီးမြှင့်ခြင်းဆိုင်ရာများ

၂၇။ **ပါတီဝင်များတွင်ရှိရမည့်အရည်အချင်းသတ်မှတ်ချက်များ**

အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသူအမျိုးသား၊ အမျိုးသမီးတိုင်းသည်လူမျိုးသာဘာမရွေးပါတီသို့ဝင်ခွင့်ရှိသည်။ ပါတီဝင်လိုသူများကလည်းအဆိုပြုလွှာတင်သွင်းနိုင်သည်

(က)တည်ဆဲနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပါ ပါတီဝင်အရည်အချင်းများနှင့် ကိုက်ညီသူ။

(ခ)ပါတီဝင်လိုသူသည် အသက် (၁၈)နှစ်ပြည့်သူဖြစ်ရမည်။

(ဂ)ပါတီဝင်လိုသူသည်ပါတီကသတ်မှတ်ထားသော စည်းကမ်းချက်များပါသည့်ပုံစံတွင်ပြည့်စုံစွာဖြည့်သွင်း၍သက်ဆိုင်ရာသို့ပေးအပ်ရမည်။

(ဃ)နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကိုခံယူစောင့်သိရိုသေသောသူ(သို့မဟုတ်)နိုင်ငံခြားအစိုးရ၏လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏နိုင်ငံသားဖြစ်သူသော်လည်းကောင်း ခံစားရသောအခွင့်အရေးများ၊ (သို့မဟုတ်)ကျေးဇူးခံစားခွင့်များကိုတိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်ဖြစ်စေခံစားနေခြင်းမရှိသူ။

(င)ပါတီ၏ရည်မှန်းချက်၊ယုံကြည်ချက်၊မူဝါဒနှင့်လုပ်ငန်းစဉ်များကိုသက်ဝင်ယုံကြည်၍ပါတီ၏စည်းကမ်းကိုလိုက်နာရန်ကတိသစ္စာပြုသူ။

(စ)စိတ်ပေါ့သွပ်သူ၊ ရာဇဝတ်မှုတစ်ခုခုကျူးလွန်၍ ထောင်ဒဏ်ကျခံနေရသူမှအပ အကျင့်စာရိတ္တကောင်းမွန်သည့် ကချင်တိုင်းရင်းသားဖြစ်သူမည်သူမဆိုပါတီဝင်အဖြစ်ဝင်ရောက်နိုင်သည်။

(ဆ)ပါတီကပေးအပ်သော တာဝန်ဝတ္တရားများကိုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဇ)လိုအပ်ပါကပါတီစည်းမျဉ်းစည်းကမ်းနှင့်အညီစုံစမ်းစစ်ဆေးအရေးယူခြင်းခံယူနိုင်သူ ဖြစ်ရမည်။

(ဈ)ပါတီဝင်တစ်ဦးဦးသည်သက်ဆိုင်ရာအစိုးရဌာနတွင်တရားဝင် အသိအမှတ်ပြုမှတ်ပုံတင်ထားသောအခြားနိုင်ငံရေးပါတီဝင်(သို့)နိုင်ငံ့ဝန်ထမ်း(သို့)သာသနာ့ဝန်ထမ်း မဖြစ်စေရ။

၂၈။ **ပါတီဝင်များ၏တာဝန်နှင့်ဝတ္တရားများ**

ပါတီဝင်တစ်ဦးဦး၏တာဝန်နှင့်ဝတ္တရားများမှာအောက်ပါအတိုင်းဖြစ်သည် -

(က)ပါတီ၏ရည်မှန်းချက်၊ယုံကြည်ချက်တို့နှင့်အညီအေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက် သောဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနှင့်အခွန့်ရှည်တိုးတက်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်။

(ခ)ပါတီတွင်းဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရေးအတွက် စည်းကမ်းပြည့်ဝသောဒီမိုကရေစီကျင့်စဉ်နှင့်အညီပြုမူဆက်ဆံဆောင်ရွက်ရမည်။

(ဂ)ပါတီကယုံကြည်စွာဖြင့်အပ်နှံသောလုပ်ငန်းတာဝန်များကိုနိုးကြားတက်ကြွစွာ၊ စိတ်အားထက်သန်စွာဖြင့်ပေါက်မြောက်အောင်မြင်အောင်လုပ်ဆောင်သွားရမည်။

(ဃ)နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ ပိုင်နက်နယ်မြေနှင့် လုံခြုံအေးချမ်းတည်ငြိမ်မှုကို ထိပါးနှောင့်ယှက် ကျူးကျော်မှုမှန်သမျှအားပြည်သူတို့နှင့်လက်တွဲ၍အစဉ်သတိပြု ကာကွယ်တွန်းလှန်သွားရမည်။

(င)တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့်စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် ဖွံ့ဖြိုးခိုင်မာစေရန်ကိုယ်တိုင်ကျင့်ကြံခံယူကျင့်သုံးခြင်း၊စည်းရုံး၊ လှုံ့ဆော်အားပေးခြင်းများ ဆောင်ရွက်သွားရမည်။

(စ)ပြည်တွင်း၊ပြည်ပအန္တရာယ်များနှင့် ရင်ဆိုင်ရချိန်တွင်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များနှင့်ရင်ဆိုင်နေရချိန်တွင်လည်းကောင်းပြည်သူများကိုအကူအညီပေးနိုင်ရန်တက်ကြွစွာပါဝင်ဆောင်ရွက်ရမည်။

(ဆ)ပြည်သူလူထု၏အကျိုးစီးပွားကို ဦးထိပ်ထားလျက်ပါတီ၏ရည်မှန်းချက် ၊ ယုံကြည်ချက်၊ မူဝါဒနှင့်လုပ်ငန်းစဉ်များအားရဲဝံ့တည်ကြည်သောစိတ်ဓာတ်၊မဆုတ်မနစ်သောဇွဲလုံ့လဝီရိယဖြင့် အောင်မြင်အောင်ခံယူကျင့်သုံးကြိုးပမ်းဖော်ဆောင်ရမည်။

(ဇ)ပြည်သူများ၏ဆန္ဒ၊ ခံစားချက်နှင့်ဘဝအခြေအနေကိုနားလည်စာနာထောက်ထားပြီး တစ်သားတည်းနေထိုင်ထိတွေ့ဆက်ခံသွားရမည်။

(ဈ)ပါတီ၏ အကျိုးစီးပွား၊ ပြည်သူလူထုနှင့် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် လိုအပ်ချက်များဆောင်ရွက်သင့်သည့်ကိစ္စများကို အစဉ်လေ့လာကြံဆသုံးသပ်ကာ လုပ်ထုံးလုပ်နည်းနှင့်အညီ အကြံပြုတင်ပြသွားရမည်။

(ည)ပြည်သူများအနေဖြင့် ပါတီ၏မူဝါဒများ၊လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံလာပြီးပူးပေါင်းဆောင်ရွက်လာအောင်၊ ထောက်ခံအားပေးလာအောင်စည်းရုံးဆောင်ရွက်ရမည်။ ပြည်သူများ၏ခံစားချက်များ၊သဘောထားများ၊လိုအင်ဆန္ဒများကိုလည်းသက်ဆိုင်ရာပါတီအဖွဲ့အစည်းအဆင့်ဆင့်သို့တင်ပြရမည်။

(ဋ)ပါတီ၏ မူဝါဒနှင့်လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ကျန်ပါတီဝင်များကိုလည်း စိတ်ရောကိုယ်ပါနိုးကြားတက်ကြွထက်သန်စွာပါဝင်ဆောင်ရွက်လာအောင်စည်းရုံးဆောင်ရွက်ရမည်။

(ဌ)ပါတီစည်းလုံးညီညွတ်ရေးနှင့် အင်အားတောင့်တင်းခိုင်မာရေးအတွက် အစဉ်ရှေးရှု သတိပြုကာအားထုတ်ကြိုးပမ်းလုပ်ဆောင်သွားရမည်။ပါတီပြိုကွဲစေမည့်အားထုတ်မှုများ၊လုပ်ရပ်များ မပေါ်ပေါက်ရအောင်ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားရမည်။

## ၂၉။ ပါတီဝင်များ၏ကျင့်ဝတ်များ

ပါတီဝင်တစ်ဦးချင်း၏ ကျင့်ဝတ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က)ပါတီသည်ပြည်သူလူထု၏အကျိုးစီးပွားကို ဦးထိပ်ထားသော အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် မိမိအကျိုးစီးပွားနှင့် ပါတီအကျိုးစီးပွားယှဉ်လာလျှင်ပါတီ၏အကျိုးစီးပွားကို ဦးစားပေးရမည်။

(ခ)နိုင်ငံတော်၏တရားဥပဒေနှင့် ပါတီစည်းကမ်းများကို အသိစိတ်ဓာတ်ပြည့်ဝစွာဖြင့် လိုက်နာသွားရမည်။

(ဂ)ပါတီကပေးအပ်သောလုပ်ငန်းတာဝန်များကိုကျွမ်းကျင်နိုင်နင်းကျေပွန်စွာစေတနာထား၍ကြိုးပမ်းလုပ်ဆောင်သွားရမည်။

(ဃ)ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများကိုအမျိုးသားရေးစိတ်ဓာတ်ဖြင့်ထိန်းသိမ်းစောင့်ရှောက်ကာကွယ်သွားရမည်။

(င)မိမိကြောင့်ပြည်သူတွင် ဝန်ထုတ်ဝန်ပိုး မဖြစ်စေရန် "ပါတီသည်ပြည်သူ့အတွက်" ဟူသောစိတ်ထားဖြင့် အစဉ်သတိပြုထိန်းသိမ်းသွားရမည်။

(စ)ပါတီအတွင်းဆက်ဆံရေး၌ ရဲဘော်ရဲဘက်စိတ်ထားရှိ၍ ပါတီဝင်အချင်းချင်း ကူညီဖေးမ ပွဲပြင်ကာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြုမူဆက်ဆံရမည်။ အခြားပါတီများမှပါတီဝင်များနှင့် ဆက်ဆံရာ၌လည်း စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ပြုမူဆက်ဆံရမည်။

(ဆ ) မိမိ၏အားနည်းချို့ယွင်းချက်များကိုဝေဖန်ဆန်းစစ်၍ပိုမိုပြည့်ဝရင့်ကျက်သည့်ပါတီဝင်ကောင်း၊ နိုင်ငံသားကောင်းတစ်ဦးဖြစ်လာစေရန်ကြိုးစားပြုပြင်သွားမည်။ပါတီဝင်ရဲဘော်များ၏ ချို့ယွင်းအားနည်းချက်များကိုလည်းစိတ်ရှည်သည်းခံပြီးရဲဘော်ရဲဘက် စိတ်ဓါတ်ဖြင့်ကူညီပြုပြင်ပေးသွားရမည်။ အခြားသူများကဖြူစင်သောစိတ်ထားဖြင့်မိမိ၏အားနည်းချက်ကိုဝေဖန်ထောက်ပြမှုများကို လည်းလေးစားစွာလက်ခံ၍လိုအပ်သလိုလိုက်နာပြုပြင်သွားရမည်။

(ဇ)မိမိ၏ အသိပညာဗဟုသုတ၊ အတွေးအခေါ်အယူအဆနှင့် အရည်အချင်းများတိုးတက်မြင့်မားစေရန်အတွက်စဉ်ဆက်မပြတ်လေ့လာဆည်းပူးနေရမည်။

(ဈ )တာဝန်ဝတ္တရားများ ထမ်းဆောင်ရာတွင်လည်းကောင်း၊ နေထိုင်ပြုမူ ဆက်ဆံရာတွင်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းရာတွင်လည်းကောင်း၊ အများကလေးစား ယုံကြည်ရသည့်စံနမူနာပြဖြစ်အောင်ကြိုးပမ်းသွားရမည်။

## ၃၀။ ပါတီဝင်များလိုက်နာရမည့်စည်းကမ်းချက်များ

ပါတီဝင်တစ်ဦးချင်း၏ လိုက်နာရမည့် စည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိရိုသေရမည်။

(ခ ) နိုင်ငံတော်မှပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် ပါတီ၏စည်းကမ်းများကိုတိကျစွာလိုက်နာရမည်။

(ဂ) ပါတီ၏ရည်မှန်းချက်၊ယုံကြည်ချက်၊မူဝါဒ၊လုပ်ငန်းစဉ်နှင့်သဘောထားများနှင့်အညီ ရပ်တည်ခံယူဆောက်တည်ပြီးပါတီ၏စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများအတိုင်းလေးစားစောင့်ထိန်းလိုက်နာကျင့်ကြံနေထိုင်သွားရမည်။

(ဃ)ပါတီ၏သစ္စာကိုစောင့်သိရိုသေရမည်။အခြားမည်သည့်ပါတီ၏သစ္စာကိုမျှမခံယူရ။

(င)နိုင်ငံခြားအစိုးရများ၊ ပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံခြားသားများနှင့်လျှို့ဝှက်ဆက်သွယ်ခြင်း၊

သတင်းပေးခြင်း၊နည်းမျိုးစုံဖြင့်ထောက်ပံ့ပေးကမ်းမှုများကိုခံယူခြင်းစသည့်မသင့်လျော်သော လုပ်ရပ်များ၊နိုင်ငံနှင့် ပါတီ၏သစ္စာကို ဖောက်ဖျက်ရာကျသောလုပ်ရပ်များကိုရှောင်ကြဉ် ရမည်။

(စ)နိုင်ငံတော်နှင့်ပါတီ၏လျှို့ဝှက်ချက်များကိုမပေါက်ကြားအောင်စောင့်ထိန်းရမည်။

(ဆ)ပါတီ၏မူဝါဒများကိုဆန့်ကျင်၍ဆွေးနွေးခြင်း၊ဟောပြောခြင်း၊ရေးသားဖြန့်ဝေခြင်းမပြုရ။

(ဇ)တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေနိုင်သည့်ပြုမူပြောဆိုမှုနှင့် ကိုးကွယ်ယုံကြည်မှုကို ထိပါးစေနိုင်သည့်ပြုမူပြောဆိုမှုများကို ရှောင်ကြည်ရမည်။

(ဈ)ပါတီတွင်းစည်းလုံးညီညွတ်မှုပျက်ပြားစေမည့်အုပ်စု၊ဂိုဏ်းဂဏဖွဲ့ခြင်း၊ပုဂ္ဂိုလ်စွဲ၊ ဆန္ဒစွဲ၊ လူမျိုးစွဲအာဃာတများဖြင့်ပုတ်ခတ်တိုက်ခိုက်ခြင်း၊ထိပါးပြောဆိုဝေဖန်ခြင်းနှင့်ရိုင်းစိုင်းရုန့်ရင်းကြမ်းတမ်းသော ပြုမူပြောဆိုမှုများကိုရှောင်ရှားရမည်။

(ည)ပါတီ၏အကျိုးနှင့်အများပြည်သူအကျိုးကို ထိခိုက်နစ်နာစေမည့်အကြောင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာသည်ဖြစ်စေ၊ပါတီဝင်တစ်ဦးသည်တရားဥပဒေနှင့်ပါတီစည်းကမ်းကို ချိုးဖောက်နေကြောင်းသိရှိလျှင်စေဖြစ်စေအနီးကပ်ဆုံးပါတီကော်မတီသို့အမြန်ဆုံးတင်ပြရမည်။ပြီးနောက် ဗဟိုကော်မတီသို့ဖြစ်စေချက်ချင်းတင်ပြရမည်။

(ဋ )သက်ဆိုင်ရာပါတီကော်မတီအဆင့်ဆင့်မှပေးအပ်သောတာဝန်များကိုကျေပွန်စွာထမ်းဆောင်ရမည်။

(ဌ)မိမိအကျိုးထက်ပါတီအကျိုးကိုဦးစားပေးရမည်။

(ဍ)ပါတီအကျိုးထက်တိုင်းပြည်အကျိုးကိုဦးစားပေးရမည်။

(ပ)သတ်မှတ်ထားသောပါတီကြေးများကို မပျက်မကွက်ပေးသွင်းရမည်။

(ဏ)ပြည်သူတို့၏ယုံကြည်အားကိုးမှုကို လျော့ပါးစေမည့်နေထိုင်ပြောဆိုကျင့်ကြံမှုများကိုရှောင်ကြဉ် ရမည်။

(တ)အဂတိလိုက်စားခြင်း၊တံစိုးလက်ဆောင်ရယူခြင်းတို့ကိုရှောင်ကြဉ်ရမည်။

(ထ)ပါတီဝင်အများစုက ဆုံးဖြတ်အတည်ပြုသည့်ကိစ္စများသည်မိမိသဘောထားနှင့်မတိုက်ဆိုင်စေကာမူအများစု၏ဆန္ဒကိုအလေးထားသည့်ဒီမိုကရေစီကျင့်စဉ်အရကျေပွန်စွာလိုက်နာ ဆောင်ရွက်ရမည်။

## ၃၁။ **ပါတီဝင်များ၏ရပိုင်ခွင့်များ**

ပါတီဝင်တစ်ဦးချင်း၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က)ပါတီတွင်းအစည်းအဝေးများတွင် ပါတီစည်းကမ်း၊လုပ်ထုံးလုပ်နည်းများနှင့်အညီပါဝင်ဆွေးနွေးတင်ပြခွင့်ရှိသည်။

(ခ)ပါတီဝင်တိုင်းသည်သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်း၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ပါတီအဖွဲ့အစည်းနှင့် ညီလာခံအဆင့်ဆင့်တွင် ဆန္ဒမဲပေးပိုင်ခွင့်၊ ရွေးချယ်တင်မြှောက်ခွင့်နှင့် ရွေးချယ်တင်မြှောက်ပိုင်ခွင့်ရှိသည်။

(ဂ)နိုင်ငံ့အကျိုး၊ပါတီအကျိုးကို ရှေးရှုပြီးမိမိထင်မြင်ယူဆချက်နှင့်ယုံကြည်ချက်များကိုလွတ်လပ်စွာ

ပြောဆိုတင်ပြဆွေးနွေးခွင့်ရှိသည်။
(ဃ)ပါတီ၏ ရည်မှန်းချက် နှင့် မူဝါဒများ အောင်မြင်စေရေးအတွက် အထောက်အကူဖြစ်စေမည့် ဝေဖန်သုံးသပ်ချက်၊အကြံပြုချက်များကိုသက်ဆိုင်ရာပါတီအဖွဲ့အစည်းများမှတစ်ဆင့်ဗဟိုကော်မတီသို့တင်ပြခွင့်ရှိသည်။
(င)ပါတီဝင်တိုင်းသည် မိမိတို့နှစ်သက်ရာဘာသာသာသနာကို လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ရှိသည်။
(စ)ပါတီဝင်တိုင်းသည်နိုင်ငံတကာလူမှုဝန်ထမ်းအဖွဲ့အစည်းများအခြားနိုင်ငံရေးပါတီများနှင့် ပတ်သက်ဆက်နွယ်မှုမရှိသော ဘာသာရေးနှင့်လူမှုရေး၊ ပရဟိတအဖွဲ့အစည်းများတွင်ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။
(ဆ)ပါတီဝင်တိုင်းသည် မိမိ၏နစ်နာချက်များ၊ မကျေနပ်ချက်များကို သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းသို့ တင်ပြခွင့်ရှိသည်။ ထိုတင်ပြချက်အပေါ် အရေးယူဆောင်ရွက်မှုမရှိလျှင် ဗဟိုကော်မတီသို့တိုင် အဆင့်ဆင့်တင်ပြခွင့်ရှိသည်။
(ဇ)ပါတီဝင်တိုင်းသည်ပါတီစည်းကမ်းအရ စွဲချက်တင်စုံစမ်းစစ်ဆေးခံရသည့်အခါလုပ်ထုံးလုပ်နည်းနှင့်အညီကိုယ်တိုင်ဖြစ်စေ၊ကိုယ်စားဖြစ်စေတက်ရောက်ခုခံရှင်းလင်းချေပခွင့်ရှိသည်။
(ဈ)ပါတီဝင်တစ်ဦးသည်ပါတီစည်းကမ်းအရ ပြစ်ဒဏ်ချမှတ်ခံရသည့်အခါ၌ လုပ်ထုံးလုပ်နည်းနှင့် အညီအဆင့်ဆင့်အယူခံပိုင်ခွင့်ရှိသည်။
(ည)ပါတီဝင်တိုင်းသည်မိမိ၏သဘောဆန္ဒအလျောက်ပါတီမှနုတ်ထွက်ခွင့်နှင့် အနားယူခွင့်တောင်းခံနိုင်သည်။

## ၃၂။ ပါတီဝင်များအားအရေးယူခြင်း

ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ပါတီစည်းကမ်းကို ချိုးဖောက်သည့် ပါတီဝင်များအား လုပ်ထုံးလုပ်နည်းနှင့်အညီစုံစမ်းစစ်ဆေးပြီးပြစ်မှုထင်ရှားပါက နာယကအဖွဲ့ထံသို့တင်ပြပြီး ၎င်းနာယကအဖွဲ့၏ဆုံးဖြတ်ချက်ဖြင့်၊ ပါတီဗဟိုကော်မီတီကအောက်ပါပြစ်ဒဏ်များအားချမှတ်နိုင်သည်။

(က) ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် သတိပေးခြင်း။
(ခ ) ပြင်းထန်စွာသတိပေးခြင်း။
(ဂ ) ပြစ်တင်ရှုတ်ချခြင်း။
(ဃ) ပါတီတာဝန်မှ အဆင့်လျှော့ချခြင်း၊ ရပ်ဆိုင်းခြင်း။
(င ) ပါတီဝင်အဖြစ်မှ ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း။
(စ ) ပါတီဝင်အဖြစ်မှ အနားပေးခြင်း။
(ဆ) ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်း။
(ဇ)ပါတီဝင်တစ်ဦးဦးနုတ်ထွက်လိုပါကဗဟိုကော်မတီသို့စာနှင့်တင်ပြ၍နုတ်ထွက်ခွင့် တောင်းခံရမည်။ဤသို့တင်ပြလာလျှင်အနီးကပ်ဆုံးဗဟိုကော်မတီအစည်းအဝေး၌တင်ပြ၍ဆွေးနွေးအတည်ပြုရမည်။

(ဈ)ပါတီဝင်တစ်ဦးဦးသည်ပြစ်မှုတစ်ခုခုကျူးလွန်၍ဖြစ်စေ၊ပါတီစည်းမျဉ်းစည်းကမ်း ဖောက်ဖျက်၍ဖြစ်စေပါတီဝင်အဖြစ်မှ ရပ်ဆိုင်းရန်လိုအပ်လာပါကအနီးကပ်ဆုံး ဗဟိုကော်မတီအစည်းအဝေး၌တင်ပြ၍ဗဟိုကော်မတီကစုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းကာစစ်ဆေးမှုအားပြုလုပ်မည်။

(ည)ပါတီဗဟိုကော်မတီသည်ပါတီဝင်တစ်ဦး၏နှုတ်ထွက်ခွင့်တင်ပြချက်အပေါ် နှုတ်ထွက်ခွင့် ပေးခြင်းပြုနိုင်သည်။

(ဋ)စည်းကမ်းချိုးဖောက်သောမည်သူမဆိုပါတီမှထုတ်ပယ်ခြင်းကိုကြည်ဖြူစွာခံယူရမည်။

၃၃။ **ပါတီဝင်များ၏အယူခံဝင်ခြင်း**

ပါတီစည်းမျဉ်းစည်းကမ်းများအားဖေါက်ဖျက်၍ အပြစ်ပေးခံရသောပါတီဝင် များသည်ပြစ်ဒဏ်များနှင့် ပတ်သက်၍ပါတီညီလာခံအထိအဆင့်ဆင့်အယူခံဝင်ခွင့်ရှိသည်။

၃၄။ **ပါတီဝင်များအားဂုဏ်ပြုချီးမြှင့်ခြင်း**

ပါတီဗဟိုကော်မတီသည် ပေးအပ်ထားသောပါတီ၏တာဝန်များအား ကျေပွန်စွာထမ်းဆောင်သော၊ ပါတီစည်းကမ်းကိုကောင်းမွန်စွာလိုက်နာလိုက်လျှောက်သော၊ နိုင်ငံ့အကျိုးနှင့်ပြည်သူ၏အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်သောပါတီဝင်များနှင့်ဂုဏ်ပြုထိုက်သောသူများအားထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခြင်းပြုမည်။

## အခန်း(၅)
## ပါတီအဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းတည်ဆောက်ပုံ၏ ရည်ရွယ်ချက်၊မူဝါဒ၊တာဝန်နှင့်စီအရည်အချင်းသတ်မှတ်ချက်များ

၃၅။ **ရည်ရွယ်ချက်**

ပါတီဖွဲ့စည်းပုံ၏ရည်ရွယ်ချက်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

(က)ပြည်သူလူထုအားအခြေပြုသော၊ ပြည်သူလူထုအားကိုယ်စားပြုသော၊ ပြည်သူလူထုအတွက် ရပ်တည်သော၊ ပြည်သူလူထု၏အကျိုးကိုသယ်ပိုးဆောင်ရွက်သောပါတီဖြစ်ရမည်။

(ခ)ပါတီသည် တစ်စုံတစ်ဦးတစ်ယောက်အတွက်မဖြစ်ရ၊ တစ်စုံတစ်ဦးတစ်ယောက်၏ကိုယ်ကျိုးအတွက်လည်းမဖြစ်ရပါ။

(ဂ)ပါတီသည်အဖွဲ့အစည်းတစ်ခု၊လူပုဂ္ဂိုလ်တစ်ဦး၏လွှမ်းမိုးမှုကင်းမဲ့သော၊သြဇာခံမဟုတ်သော၊ မိမိလူမျိုးအတွက်လွပ်လပ်စွာရပ်တည်သော အဖွဲ့အစည်းတစ်ခုဖြစ်ရမည်။

(ဃ)လွတ်လပ်ပြီး၊ ပွင့်လင်းမြင်သာမှု၊တရားမျှတမှုရှိသော၊ အဂတိကင်းရှင်းသောပါတီဖြစ်ရမည်။

(င)ပါတီအားဒီမိုကရေစီစံနှုန်းနှင့်ကိုက်ညီစွာဖွဲ့စည်းရမည်။

(စ)နယ်ပေါင်းစုံ၊ လူတန်းစားပေါင်းစုံမှ ကိုယ်စားလှယ်များဖြင့်ပါဝင်ဖွဲ့စည်းထားသောပါတီဖြစ်ရမည်။

(ဆ)ရှမ်းပြည်နယ်အခြေစိုက်ပါတီဖြစ်ရမည်။

(ဇ)ဘာသာရေးကိုအခြေပြုသောပါတီမဖြစ်ရပါ။ သို့သော်ဘာသာပေါင်းစုံနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်။

## ၃၆။ ပါတီအားဦးဆောင်မည့်ကော်မီတီဝင်များအားရွေးချယ်သည့်မူဝါဒများ

(က)ပါတီ၏သက်တမ်းအား ပါတီမှတ်ပုံတင်ရရှိသည့်ခုနှစ်မှအစပြုရေတွက်ပြီးသက်တမ်းတစ်ခုလျှင် (၅)နှစ်သတ်မှတ်ပါသည်။

(ခ)ဦးဆောင်မည့်သူများအား ရွေးချယ်ရာ၌လွတ်လပ်ပြီး၊ ပွင့်လင်းမြင်သာမှု၊ တရားမျှတမှုရှိပြီး၊ အဂတိကင်းသောရွေးချယ်မှုဖြစ်ရမည်။

(ဂ)နယ်ပေါင်းစုံ၊လူတန်းစားပေါင်းစုံမှရွေးချယ်တင်မြှောက်သောကိုယ်စားလှယ်များပါဝင်ရမည်

(ဃ)ရှမ်းပြည်နယ်အတွင်းမှီတင်းနေထိုင်သောသူဖြစ်ရမည်။

(င)ရှမ်းပြည်နယ်၏ ဒေသအခြေအနေနှင့် တိုင်းရင်းသားလူမျိုးများ၏ အခြေအနေကိုသဘောပေါက်သောသူဖြစ်ရမည်။

(စ)ပြည်သူလူထုအား အခြေပြုသောပြည်သူများမှ ရွေးချယ်တင်မြှောက်သောဒီမိုကရေစီစံနှုန်းနှင့် ကိုက်ညီစွာရွေးချယ်တင်မြှောက်သော ခေါင်းဆောင်များဖြစ်ရမည်။

(ဆ)ပါတီကိုဦးဆောင်မည့်သူများသည်တစ်စုံတစ်ဦးတစ်ယောက်အတွက်မဖြစ်ရ၊ မိမိ၏ကိုယ်ကျိုးအတွက်လည်းမဖြစ်ရပါ။အများပြည်သူလူထုအကျိုးအားသယ်ပိုးဆောင်ရွက်သောသူဖြစ်ရမည်။

(ဇ)ဒီမိုကရေစီနည်းအရလျှို့ဝှက်မဲဖြင့် မဲခွဲဆုံးဖြတ်ခြင်းအားဖြင့်သော်လည်းကောင်း၊ လက်ထောင်၍အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်းအားဖြင့်သော်လည်းကောင်းပွင့်လင်းမြင်သာစွာရွေးချယ်မှုပြုရပါမည်။

(ဈ)ပါတီကိုဦးဆောင်မည့်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများကိုအောက်ခြေအဖွဲ့အစည်းဖြစ်သော ကျေးရွာ၊ မြို့နယ်များဖြင့်ဖွဲ့စည်းထားသည့် ခရိုင်အဆင့်များမှ ပြည်သူလူထု၏ ဆန္ဒ နှင့်အညီ ရွေးချယ်ထားသောကိုယ်စားလှယ်များအား အများသဘောတူရွေးချယ်သွားမည်။

(ည)မူဝါဒဆိုင်ရာကြီးကြပ်ရေးနာယကများအဖွဲ့အားဖွဲ့စည်း၍ဥက္ကဋ္ဌနှင့်အမှုဆောင်ကော်မီတီဝင်များနှင့်ပါဝင်များအားဦးဆောင်ထိန်းညှိနိုင်ရမည်။ စည်းမျဉ်းစည်းကမ်းနှင့်အညီဆောင်ရွက်ရမည်။

(ဋ)ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ အလုပ်တာဝန်နှင့် ဝတ္တရားများအားခိုင်ခိုင်မာမာချမှတ်ပြဌာန်းထားရှိရမည်။

(ဌ)ကော်မတီအဖွဲ့ဝင်များမှလွဲ၍ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာထိန်းများသည် ဒုတိယအကြိမ်ဆက်လက်ရွေးချယ်ခံပြီးနောက်တတိယအကြိမ်သက်တမ်းအတွက်ရွေးချယ်ဆက်ခံခွင့်မရှိစေရ။

(ဍ)သို့သော်ချွင်းချက်အနေဖြင့် ပြည်သူလူထုမှလိုလား၍အများသဘောတူဆက်လက်၍ထောက်

ခံဆန္ဒပြုလာခဲ့သည်ရှိသော် ထောက်ခံသူလူဦးရေ၏ ၅၁% ဆန္ဒမဲဖြင့်ဆက်လက် အရွေးခံနိုင်သည်။ အဘယ်ကြောင့်ဆိုသော်ပါတီ၏အဓိကကြောရိုးဖြစ်သော လူထုအခြေပြုမူဝါဒအရမိမိအကျိုးအတွက်အဓိကမထားပဲ ပြည်သူလူထုအကျိုးနှင့်မိမိလူမျိုး၏အကျိုး၊ ပါတီ၏အကျိုး၊ အများကောင်းကျိုးအတွက်စွမ်းစွမ်းတမံအနစ်နာခံဆောင်ရွက်နိုင်သော၊ ဦးဆောင်နိုင်သောခေါင်းဆောင်ကောင်းမျိုးဖြစ်ပါကချွင်းချက်အနေဖြင့် ဆက်လက်၍တာဝန်ထမ်းဆောင်ခွင့်ရှိသည်။

(ပ)ဥက္ကဋ္ဌ၊အတွင်းရေးမှူးတို့မှတာဝန်ထမ်းဆောင်နေစဉ်ကာလ၌ကျန်းမာရေးချို့တဲ့ခြင်း၊ တာဝန်မှနှုတ်ထွက်သွားခြင်း၊စသည့်အကြောင်းအမျိုးမျိုးကြောင့်၄င်း၏လစ်လပ်သွားသောနေရာတွင်ကော်မီတီဖွဲ့စည်းပုံအရ အထက်အောက်အမှတ်စဉ်အလိုက် တာဝန်ရှိသူအားသာလျှင်တာဝန်ဆက်ခံခွင့်ပေးရန်ဆောင်ရွက်ပေးရမည်။

## တာဝန်နှင့်စံအရည်အချင်းသတ်မှတ်ချက်များ

၃၇။ **ပါတီညီလာခံ**

(က)ပါတီညီလာခံကြီးသည်ပါတီ၏အမြင့်ဆုံး၊ အခွင့်အာဏာအရှိဆုံးဖြစ်ပြီး၄င်းကိုဗဟိုအလုပ် အမှုဆောင်ကော်မတီအဖွဲ့မှတာဝန်ခံသည်။

(ခ)ပါတီ၏အလုပ်အမှုဆောင်များ၊ ပါတီ၏မူဝါဒများ၊ ပါတီ၏လုပ်ငန်းများအားလုံး၏အပေါ်သြဇာသက်ရောက်ပြီး ပါတီအားချမှတ်ထားသောဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီတရားမျှတစွာဖြင့်မှန်မှန်ကန်ကန်တိတိကျကျထိန်းကျောင်းပေးသည့်ပါတီညီလာခံဖြစ်သည်။

(ဂ)ပါတီညီလာခံမှအတည်ပြုချမှတ်သောဆုံးဖြတ်ချက်များအား ပါတီဝင်တိုင်းလေးစားလိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

၃၈။ **နာယကအဖွဲ့**

(က)ပါတီမှချမှတ်ထားသောမူဝါဒစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရန်ပါတီဝင်များ၊ ပါတီအလုပ်အမှုဆောင်များအား အကြံပေးခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ စသည့်တာဝန်များအားထမ်းဆောင်ရမည်။

(ခ)ပါတီအလုပ်အမှုဆောင်များ၊ပါတီဝင်များသည် ပါတီမှချမှတ်ထားသော မူဝါဒစည်းမျဉ်းစည်းကမ်းများနှင့်အညီလိုက်နာဆောင်ရွက်ခြင်းမရှိပါကပါတီစည်းကမ်းထိန်းသိမ်းရေးကော်မီတီမှ တင်ပြလာပါကချမှတ်ထားသော မူဝါဒစည်းမျဉ်းစည်းကမ်းအတိုင်းအပြစ်ပေးအရေးယူခြင်းမျိုးဆောင်ရွက်ရမည်၊ ထိန်းကြောင်းရမည်။

(ဂ)နာယကအဖွဲ့ဝင်များသည်အသက်(၅၅)နှစ်အထက်ရှိသောသူဖြစ်ရမည်။

၃၉။ **ဗဟိုကော်မတီ၏တာဝန်နှင့်စံသတ်မှတ်ချက်များ**

(က)ပါတီအပေါ်သစ္စာရှိသောသူဖြစ်သည်။

(ခ)ဗဟိုကော်မတီနှင့် ပတ်သက်သောတာဝန်များအားထမ်းဆောင်နိုင်သောသူဖြစ်ရမည်။

(ဂ)ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ)ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှညွှန်ကြားပေးအပ်သောတာဝန်များအား အချိန်မီ လုပ်ဆောင်နိုင်သောသူဖြစ်ရမည်။

(င)အစည်းအဝေးဖိတ်ကြားလျှင် တက်ရောက်နိုင်သောသူဖြစ်ရမည်။

(စ)ပါတီမှချမှတ်သော စည်းမျဉ်းစည်းကမ်းများအား လိုက်နာနိုင်သောသူဖြစ်ရမည်။

(ဆ)ပါတီအတွင်းမှအုပ်စုဖွဲ့ပြီးသင်းကွဲစေသောမည်သည့်လုပ်ဆောင်မှုအပြုအမူမျိုးကိုမဆို မပြု လုပ်ရ။

(ဇ)ပါတီသက်တမ်းအနည်းဆုံး ၁-နှစ်ရှိသောသူဖြစ်ရမည်။

(ဈ)မိသားစုတစ်စုထဲမှနှစ်ဦးပါဝင်ခွင့်မရှိစေရ။

(ည)အသက်(၇၁)နှစ်ထက်ကြီးသောသူ မဖြစ်ရ။

၄၀။ **ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၏တာဝန်နှင့်စံသတ်မှတ်ချက်များ**

(က)ပါတီအပေါ်သစ္စာရှိရမည်။

(ခ)ပါတီမှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများအား လေးစားလိုက်နာနိုင်သော သူဖြစ်ရမည်။

(ဂ)ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးမှပေးအပ်သောတာဝန်များကိုထမ်းဆောင်နိုင်ရမည်။

(ဃ)အစည်းအဝေးဖိတ်ကြားပါက တက်ရောက်နိုင်သောသူဖြစ်ရမည်။

(င)ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(စ)ပါတီသက်တမ်းအနည်းဆုံး ၃-နှစ်ရှိသောသူဖြစ်ရမည်။

(ဆ)လုပ်ငန်းနှင့်ပတ်သက်၍အောက်ခြေမှစ၍ပါတီအတွေ့အကြုံရှိသောသူဖြစ်ရမည်။

(ဇ)မိသားစုတစ်စုမှ နှစ်ဦးပါဝင်ခွင့်မရှိစေရ။

(ဈ)ပါတီအတွင်းအချင်းချင်းစိတ်ဝမ်းကွဲပြားစေသည့်အပြောအဆိုအပြုအမူတို့ကို ဖယ်ရှားရမည်။

(ည)ပါတီ၏စည်းမျဉ်းဥပဒေကိုမချိုးဖောက်ရ။

(ဋ) အသက်(၇၅)နှစ်ထက် ကြီးသောသူမဖြစ်ရ။

၄၁။ **ဥက္ကဋ္ဌ၏တာဝန်နှင့်စံသတ်မှတ်ချက်များ**

(က)ပါတီတစ်ခုလုံးအားတာဝန်ခံသောသူဖြစ်ရမည်။

(ခ)ကျန်းမာရေးကောင်းမွန်သောသူဖြစ်ရမည်။

(ဂ)အစည်းအဝေးတိုင်းတွင်သဘာပတိအဖြစ်ဆောင်ရွက်ပေးပြီး အစည်းအဝေးဆုံးဖြတ်ချက်များ ကိုအတည်ပြုကြေငြာပေးရမည်။

(ဃ)အရေးပေါ်အခြေအနေတွင်အတွင်းရေးမှူးနှင့်ညှိနှိုင်းပြီးအစည်းအဝေးခေါ်ယူပေးရမည်။

(င)မဲခွဲဆုံးဖြတ်ရာ၌အရေအတွက်တူနေပါကဥက္ကဋ္ဌ၏မဲပိုဖြင့်အဆုံးအဖြတ်ပေးရမည်။

(စ)မိမိတာဝန်ပျက်ကွက်ရန်အကြောင်းရှိလာပါဒု-ဥက္ကဋ္ဌအားကြိုတင်အသိပေးပြီးတာဝန်လွှဲအပ်ပေးရမည်။အတွင်းရေးမှူးကိုလည်းအသိပေးရပါမည်။

(ဆ)ပါတီမှချမှတ်သောစည်းမျဉ်းနှင့်ဥပဒေအတိုင်းဦးဆောင်ပေးရမည်။

(ဇ)ဗဟိုကော်မတီအမှုဆောင်အဖွဲ့ဝင်ထက်ဝက်ကျော်မှ အရေးပေါ်အစည်းအဝေးခေါ်ပေးရန်တောင်းဆိုလာပါကအလုပ်အမှုဆောင်ကော်မတီမှညှိနှိုင်းဆုံးဖြတ်ပေးရမည်။

(ဈ)အသက်(၄၅)နှစ် မှ (၇၅)နှစ်အကြားရှိသောသူဖြစ်ရမည်။

၄၂။ **ဒု-ဥက္ကဋ္ဌ၏တာဝန်နှင့်စံသတ်မှတ်ချက်များ**

(က)ပါတီအပေါ်သစ္စာရှိသောသူဖြစ်ရမည်။

(ခ)ဥက္ကဋ္ဌ မှတာဝန်ပေးအပ်လာပါကလုပ်ဆောင်နိုင်သောသူဖြစ်ရမည်။

(ဂ)ပါတီသက်တမ်းရင့်ကျက်သောသူဖြစ်ရမည်။

(ဃ)ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(င)ပါတီအတွက်လိုအပ်သောရန်ပုံငွေများရှာဖွေရာတွင်ဦးဆောင်နိုင်သောသူဖြစ်ရမည်။

(စ) အသက်(၄၅)နှစ် မှ (၇၅)နှစ်အကြားရှိသောသူဖြစ်ရမည်။

၄၃။ **အတွင်းရေးမှူး၏တာဝန်နှင့်စံသတ်မှတ်ချက်များ**

(က)ပါတီအပေါ်သစ္စာရှိသောသူဖြစ်ရမည်။

(ခ)ပါတီ၌တာဝန်ထမ်းဆောင်သည့်သက်တမ်းရင့်ကျက်သောသူဖြစ်ရမည်။

(ဂ)အသက်(၃၀)နှစ်ပြည့်ပြီးသောသူဖြစ်ရမည်။ အသက်(၇၅)နှစ်ထက်ကြီးသောသူ မဖြစ်ရ။

(ဃ)အနည်းဆုံးဘွဲ့တစ်ခုရရှိသောသူဖြစ်ရမည်။

(င)ပါတီမှ ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများအား လိုက်နာနိုင်သောသူဖြစ်ရမည်။

(စ)ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဆ)အစည်းအဝေးပြုလုပ်လျှင်အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးရမည်။

(ဇ)အစည်းအဝေးပြုလုပ်လျှင် ဥက္ကဋ္ဌနှင့်ကြိုတင်ညှိနှိုင်းပြီး ဆွေးနွေးမည့်အချက်အလက်များကိုစီစဉ်လုပ်ဆောင်ပေးရမည်။

(ဈ)ပါတီသို့ ဖိတ်ကြားလာသော မည်သည့်ဖိတ်ကြားမှုမျိုးကိုမဆို ဥက္ကဋ္ဌထံ အသိပေးပြီးညှိနှိုင်းဆောင်ရွက်ရမည်။

(ည)ပါတီတွင်းရှိအစည်းအဝေးဆုံးဖြတ်ချက်များကိုအမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်။

၄၄။ **တွဲဖက်အတွင်းရေးမှူး၏တာဝန်နှင့်စံသတ်မှတ်ချက်များ**

(က)ပါတီအပေါ်သစ္စာရှိသောသူဖြစ်ရမည်။

(ခ)အနည်းဆုံးဘွဲ့တစ်ခုရရှိသောသူဖြစ်ရမည်။

(ဂ)အသက်(၃၀)နှစ်ပြည့်ပြီးသောသူဖြစ်ရမည်။

(ဃ)ဗဟိုရုံးတည်ရှိသောဒေသ၌ နေထိုင်နိုင်သောသူဖြစ်ရမည်။

(င)အတွင်းရေးမှူးမှအခြေအနေအရတာဝန်ပေးအပ်လာပါကထမ်းဆောင်နိုင်ရမည်။

(စ)ပါတီမှ ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းနှင့်ဥပဒေများအားလိုက်နာသောသူဖြစ်ရမည်။

(ဆ)ကျန်းမာရေးကောင်းမွန်သောသူဖြစ်ရမည်။

(ဇ)ပါတီသက်တမ်းအနည်းဆုံး(၁)နှစ်ပြည့်ပြီးသောသူဖြစ်ရမည်။

(ဈ)ပါတီမှပေးအပ်သောညွှန်ကြားချက်နှင့်တာဝန်ကိုထမ်းဆောင်နိုင်သောသူဖြစ်ရမည်။

(ည)ပါတီအစည်းအဝေးမှတ်တမ်းများကိုဆောလျင်စွာဖြန့်ဝေပေးရမည်။

၄၅။ **ဘဏ္ဍာရေးမှူး၏တာဝန်နှင့်စံသတ်မှတ်ချက်များ**

(က)ပါတီအပေါ်သစ္စာရှိသောသူဖြစ်ရမည်။

(ခ)ဗဟိုရုံးတည်ရှိသောဒေသ၌ နေထိုင်သောသူဖြစ်ရမည်။

(ဂ)အသက်(၂၅)ထက်မငယ်၊အသက်(၆၅)နှစ်ထက်မကြီးသောသူဖြစ်ရမည်။

(ဃ)ပါတီ၏ရန်ပုံငွေကြေးအားငွေတိုးချေးစားသောသူမဖြစ်စေရ၊အလွဲသုံးစားမပြုလုပ်ရ။

(င)ကျန်းမာရေးကောင်းမွန်သောသူဖြစ်ရမည်။

(စ)(၃)လပတ်(သို့) (၆)လပတ် (သို့)တစ်နှစ်ပြည့်နှစ်ပတ်လည်မတိုင်မီငွေစာရင်းကိုရှင်းလင်းစွာပြုလုပ်ထားရမည်။

(ဆ)ပါတီရန်ပုံငွေရှာဖွေရာတွင်လိုအပ်သလိုလိုက်ပါကူညီဆောင်ရွက်ပေးရမည်။

(ဇ)ပါတီမှချမှတ်ထားသောစည်းမျဉ်းစည်းကမ်းနှင့်ဥပဒေများအားလေးစားလိုက်နာနိုင်သောသူဖြစ်ရမည်။

(ဈ)စာရင်းအင်းနိုင်သောသူဖြစ်ရမည်။

၄၆။ **စာရင်းကိုင်တာဝန်နှင့်စံသတ်မှတ်ချက်များ**

(က)ပါတီအပေါ်သစ္စာရှိသောသူဖြစ်ရမည်။

(ခ)စာရင်းအင်းနှင့်ပတ်သက်သောအတွေ့အကြုံရှိသောသူဖြစ်ရမည်။

(ဂ)ပါတီ၏ညွှန်ကြားချက်ကိုလေးစားလိုက်နာသူဖြစ်ရမည်။

၄၇။ **စာရင်းစစ်၏တာဝန်နှင့်စံသတ်မှတ်ချက်များ**

(က)ပါတီအပေါ်သစ္စာရှိသောသူဖြစ်ရမည်။

(ခ)လိုအပ်လာပါကပြင်ပစာရင်းစစ်များကိုခေါ်ယူစစ်ဆေးနိုင်ရမည်။

၄၈။ **ပါတီ၏သဘောထားထုတ်ပြန်ချက်သတ်မှတ်ခြင်း**

(က)သဘောထားထုတ်ပြန်ပါကခိုင်လုံသောအကျိုးအကြောင်းရှိရမည်။

(ခ)ဥက္ကဋ္ဌအပါအဝင်ဗဟိုအလုပ်အမှုဆောင်(၃) ဦးမှ သိရှိသဘောတူမှသာလျှင်ထုတ်ပြန်ရမည်။
(ဂ)ထုတ်ပြန်သောသူသည်ယင်းထုတ်ပြန်ချက်အားတာဝန်ယူ၊တာဝန်ခံမှုရှိရမည်။
(ဃ)အတွင်းရေးမှူးမှသော်လည်းကောင်း၊ အလုပ်အမှုဆောင်ထဲမှသော်လည်းကောင်း၊ နိုင်ငံရေး ဗဟုသုတကြွယ်ဝသူ အားလည်းကောင်းပါတီ၏ပြောရေးဆိုခွင့်ရှိသူအဖြစ်တာဝန်ပေးရမည်။

## ၄၉။ ပါတီကိုယ်စားလှယ်စေလွှတ်ခြင်းဆိုင်ရာစည်းကမ်းများ

(က)ဥက္ကဋ္ဌ နှင့်ဗဟိုအလုပ်အမှုဆောင်(၃)ဦးမှ အသိပေးသတ်မှတ်ပေးထားသောသူဖြစ်ရမည်။
(ခ)အရေးကြီးသောဆုံးဖြတ်ချက်မပြုမီ၊ ဥက္ကဋ္ဌအားအကြောင်းကြားရမည်။
(ဂ)ဥက္ကဋ္ဌ နှင့်ပါတီကိုယ်စားလှယ်အကြားဆက်သွယ်မှုမပြတ်ရန်ပြုလုပ်ရမည်။
(ဃ)မည်သူမဆို ပါတီကိုယ်စားလှယ်အစည်းအဝေးတက်ရောက်လျှင်ပါတီဗဟိုရုံးချုပ်ထံပြန်လည် အစီရင်ခံရမည်။

## ၅၀။ ရုံးအုပ်၏တာဝန်နှင့်စည်းကမ်းများ

(က)နိုင်ငံတော်ရုံးဖွင့်ရက်တိုင်းအမြဲရုံးတက်ရမည်။
(ခ)နံနက် (၉)နာရီမှ ညနေ(၃)နာရီအထိရုံးချိန်အဖြစ်သတ်မှတ်သည်။
(ဂ)ရုံးတက်၊ ရုံးဆင်းလက်မှတ်ရေးထိုးထားရမည်။
(ဃ)ရုံးသုံးပစ္စည်းများ၊စာရွက်စာတမ်းများကိုမပျောက်မပျက်အောင်စနစ်တကျကိုင်တွယ်ရမည်။
(င)ရုံးနှင့်သက်ဆိုင်သောပစ္စည်းနှင့်စာရွက်စာတမ်းများကိုအသုံးပြုလိုပါကဥက္ကဋ္ဌနှင့်အတွင်းရေး မှူးအားအသိပေးရမည်။
(စ)အရေးပေါ်ကိစ္စဖြစ်ပေါ်လာ၍ ခွင့်ယူလိုပါကစာဖြင့် ကြိုတင်ခွင့်တောင်း အကြောင်းကြားရ မည်
(ဆ)ပါတီမှညွှန်ကြားသောလုပ်ငန်းတာဝန်များကိုကျေပွန်စွာဖြင့်အချိန်မီပြီးစီးအောင် လုပ်ဆောင် ပြီးသက်ဆိုင်သောတာဝန်ခံများအားအကြောင်းကြားရမည်။

## ၅၁။ ပြည်နယ်၊ခရိုင်၊မြို့နယ်၊ရပ်ကွက်၊ကျေးရွာ ဥက္ကဋ္ဌ၏တာဝန်နှင့်စံသတ်မှတ်ချက်များ

(က)ပါတီအပေါ်သစ္စာရှိသူဖြစ်ရမည်၊ဒေသခံဖြစ်ရမည်။
(ခ)အသင်းအဖွဲ့တစ်ခုခု၌ ဦးဆောင်ခဲ့ဖူးသော (သို့) ပါဝင်လှုပ်ရှားဖူးသော၊အတွေ့အကြုံရှိသော သူဖြစ်ရမည်။
(ဂ)အမျိုးသားရေးနိုင်ငံရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးများတွင်စိတ်အားထက်သန်သူ ဖြစ်ရမည်။
(ဃ)မိမိနှင့်သက်ဆိုင်သောတာဝန်များကိုယူနိုင်သူဖြစ်ရမည်။
(င)ပါတီ၏စည်းမျဉ်းနှင့် ဖွဲ့စည်းပုံဥပဒေကိုလေးစားလိုက်နာရမည်။
(စ)ဗဟိုရုံးချုပ်၏ညွှန်ကြားချက်ကိုလေးစားလိုက်နာဆောင်ရွက်ပေးရမည်။
(ဆ)ဗဟိုရုံးချုပ်မှအစည်းအဝေးတက်ရောက်ရန်ဆင့်ခေါ်ခံရလျှင်မပျက်မကွက်တက်ရောက်ရ မည်။

(ဇ)မိမိမြို့နယ်၏လုပ်ဆောင်မှုအခြေအနေများနှင့် ထူးခြားမှုဖြစ်စဉ်များကို ဗဟိုရုံးချုပ်သို့ နှစ်လလျှင်တစ်ကြိမ်အစီရင်ခံစာတင်ပြပေးရမည်။

(ဈ)အနည်းဆုံး(၃)လတစ်ကြိမ်အလုပ်အမှုဆောင်အစည်းအဝေးအားခေါ်ယူကျင်းပရမည်။

(ည)သက်ဆိုင်ရာရေးရာကော်မတီများအားစနစ်တကျဖွဲ့စည်းထားရမည်။

(ဋ)ပါတီဝင်အင်အားတိုးပွားအောင်လုပ်ဆောင်ရမည်။

၃၂။ **ဌာနေကိုယ်စားလှယ်တာဝန်နှင့်စံသတ်မှတ်ချက်များ**

(က)ပါတီအပေါ်သစ္စာရှိသူဖြစ်ရမည်။

(ခ)ပါတီ၏ စည်းမျဉ်းစည်းကမ်းနှင့် ဖွဲ့စည်းပုံဥပဒေများကိုလိုက်နာကျင့်သုံးရမည်။

(ဂ)ပါတီနှင့်သက်ဆိုင်သောမည်သည့်အကြောင်းကိစ္စရပ်များကိုမဆိုဗဟိုရုံးချုပ်သို့လျင်မြန်စွာ သတင်းပေးပို့ရမည်။

(ဃ)ဗဟိုရုံးချုပ်မှ ညွှန်ကြားချက်များအားအချိန်မီလိုက်နာဆောင်ရွက်ရမည်။အချိန်မီသတင်းပို့ပေးရမည်။

(င)ပါတီကိုယ်စားလှယ်တစ်ဦးသည် ပါတီ၏ဂုဏ်သိက္ခာကျဆင်းစေသော နေထိုင်မှုအပြုအမူအပြောအဆိုများကို ရှောင်ကြဉ်ရမည်။

(စ)နိုင်ငံတော်မှ ပြဋ္ဌာန်းထားသောတည်ဆဲဥပဒေများကိုဖောက်ဖျက်ကျူးလွန်ခြင်းမပြုလုပ်ရ။

၃၃။ **အစည်းအဝေးကျင်းပဆောင်ရွက်ခြင်း**

(က)ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ကျေးရွာအလုပ်အမှုဆောင်ကော်မီတီအစည်းအဝေးအား ၁-လ လျှင်တစ်ကြိမ် (သို့)၂-လ လျှင်တစ်ကြိမ်ကျင်းပရမည်။

(ခ)ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးကိုအနည်းဆုံး ၃-လလျှင်တစ်ကြိမ် ကျင်းပရမည်။

(ဂ)ဗဟိုကော်မတီကို အနည်းဆုံး ၆-လလျှင်တစ်ကြိမ်ကျင်းပရမည်။

(ဃ)ပြည်နယ်လုံးဆိုင်ရာနှစ်ပတ်လည်ညီလာခံကြီးကို ၁၂-လလျှင်တစ်ကြိမ်ကျင်းပရမည်။

(င)ပြည်နယ်လုံးဆိုင်ရာသင်းလုံးကျွတ်ပါတီညီလာခံကြီးကို ပါတီ၏သက်တမ်း ၅-နှစ်အတွင်း၌ ပထမဦးဆုံးနှစ်၌တစ်ကြိမ်၊ နောက်ဆုံးနှစ်၌တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်ကျင်းပရမည်။

(စ)ပုံမှန်အစည်းအဝေးဖိတ်ကြားလျှင်အစည်းအဝေးမကျင်းပမီအနည်းဆုံး ၇-ရက်အလို နှင့်နှစ်ပတ်လည်ညီလာခံကြီးအားရက်ပေါင်း ၁၅-အတွင်း၊ သင်းလုံးကျွတ်အစည်းအဝေးကြီးအားရက်ပေါင်း ၃၀ -အတွင်းကြိုတင်အသိပေးဖိတ်ကြားရမည်။

(ဆ)အစည်းအဝေးဖိတ်ကြားထားသူထက်ဝက်ကျော်တက်ရောက်လျှင်အစည်းအဝေး အထမြောက်သည်ဟုသတ်မှတ်ရမည်။

(ဇ)အစည်းအဝေးဖိတ်ကြားခံရပြီး အစည်းအဝေးသို့မတက်ရောက်နိုင်ကြောင်းကြိုတင်၍ နှုတ်အားဖြင့်သော်လည်းကောင်း၊ဖုန်းဆက်အကြောင်းကြားဖြင့်သော်လည်းကောင်း၊စာအားဖြင့် သော်

လည်းကောင်းခွင့်တောင်းခံရမည်။ထိုခွင့်တောင်းခံယူသူအားအစည်းအဝေးတက်ရောက်သူအဖြစ် သတ်မှတ်ရမည်။

(ဈ)အစည်းအဝေးဖိတ်ကြားမှုအား ခွင့်တောင်းခံအကြောင်းကြားမှုမရှိဘဲခွင့်မဲ့(၃)ကြိမ်တိုင်ပျက် ကွက်မှုရှိလာလျှင်ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့မှအလိုအလျောက်နုတ်ထွက်သည်ဟု သတ် မှတ်နိုင်ပါသည်။

(ည)မည်သည့်အစည်းအဝေးမျိုးကိုမဆို ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးမှ အစည်းအဝေးထဲတွင် ဆွေးနွေး မည့်အကြောင်းအရာ၊အချက်အလက်နှင့် အစီအစဉ်များကိုအတူတကွညှိနှိုင်းရေးဆွဲကာဆောင် ရွက်ရမည်။

(ဋ)ပုံမှန်အစည်းအဝေးအပြင်အရေးပေါ်ကိစ္စရပ်အခြေအနေများပေါ်လာလျှင်ဥက္ကဋ္ဌနှင့် အတွင်း ရေးမှူးမှအစည်းအဝေးခေါ်ယူကျင်းပခွင့်ရှိသည်။အရေးကြီးပြီးထူးခြားမှုအရေးပေါ်ဖြစ်စဉ်ပေါ် ပေါက်မှုအခြေအနေအပေါ်မူတည် ၍ဗဟိုအလုပ်အမှုဆောင်ကော်မတီသဘောတူထောက်ခံမှုရှိ လျှင်လည်းအစည်းအဝေးခေါ်ယူကျင်းပခွင့်ရှိစေရမည်။

(ဌ)ဗဟိုကော်မတီ၏ (၆)လပတ်အစည်းအဝေးနှင့် နှစ်ပတ်လည်ညီလာခံအစည်းအဝေး၌အဖွဲ့ အသီးသီး၏အစီရင်ခံစာများနှင့်ရှေ့လုပ်ငန်းစဉ်များကိုသက်ဆိုင်ရာတာဝန်ခံ(သို့မဟုတ်)ဥက္ကဋ္ဌ၊ အတွင်းရေးမှူးမှရှင်းလင်းတင်ပြပေးရမည်။

(ဍ)အစည်းအဝေးကျင်းပစဉ်ဆွေးနွေးမှုများ၌ မည်သည့်သဘောထားကွဲလွဲမှုမျိုးကိုမဆို ဒီမိုကရေစီ ကျင့်စဉ်အတိုင်း မဲခွဲဆုံးဖြတ်မှုဖြင့်အတည်ပြုပေးရမည်။

(ပ)အစည်းအဝေးမှတ်တမ်းစာအုပ်ထဲတွင်အစည်းအဝေးတက်ရောက်သူများ၏အမည်နှင့် လက် မှတ်ရေးထိုးမှုပြုပြီးဆွေးနွေးချက်များ၊ဆုံးဖြတ်ချက်များအားလုံးကိုတိကျစွာရေးသွင်းဖော်ပြထား ရှိရပါမည်။

(ဏ)အစည်းအဝေးထဲမှ ဆွေးနွေးထားသောအကြောင်းအရာအချက်အလက်များကိုသက်ဆိုင်ရာ အလုပ်အမှုဆောင်အသီးသီးထံသို့အစည်းအဝေးမှတ်တမ်းအဖြစ်အမြန်ဆုံးပေးပို့ရမည်။

(တ)အစည်းဝေးမှတ်တမ်းစာအုပ်နှင့်အရေးကြီးသောစာရွက်စာတမ်းများကိုဥက္ကဋ္ဌနှင့် အတွင်းရေး မှူး၏ခွင့်ပြုချက်မရှိဘဲပြင်ပလူအားပြသခြင်းလုံးဝမပြုလုပ်ရ။

# အခန်း(၆)
# ပါတီအဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းတည်ဆောက်မှု

၁၄။ **ပါတီဖွဲ့စည်းပုံ**

ပါတီကိုအောက်ပါအတိုင်းဖွဲ့စည်းပါသည်-

(က) ပါတီညီလာခံကြီး

(ခ) နာယကများ

(ဂ) ဗဟိုကော်မတီ

(ဃ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ

(င) ပြည်နယ်အလုပ်အမှုဆောင်ကော်မီတီ

(စ) ခရိုင်အလုပ်အမှုဆောင်ကော်မီတီ

(ဆ) မြို့နယ်/မြို့နယ်ခွဲအလုပ်အမှုဆောင်ကော်မီတီ

(ဇ) ရပ်ကွက်အလုပ်အမှုဆောင်ကော်မီတီ

(ဈ) ကျေးရွာ/ကျေးရွာအုပ်စုအလုပ်အမှုဆောင်ကော်မီတီ

၁၅။ **ပါတီညီလာခံ**

ပါတီညီလာခံအစည်းအဝေးသို့ နာယကအဖွဲ့ဝင်များ၊ ဗဟိုကော်မီတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်ကော်မီတီဝင်များ၊ ပြည်နယ်၊ခရိုင်၊မြို့နယ်၊ မြို့နယ်ခွဲ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအလုပ်အမှုဆောင်ကော်မီတီဝင်များ၊ ပါတီဝင်များပါဝင်တက်ရောက်ရမည်။ ပါတီညီလာခံ ကြီးသည်ပါတီ၏အမြင့်ဆုံးအခွင့်အာဏာအရှိဆုံးဖြစ်ပြီးငှင်းကိုဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့မှတာဝန်ခံသည်။

၁၆။ **နာယကအဖွဲ့**

(က)ပြည်သူလူထုမှယုံကြည်အားကိုးအားထားပြုထိုက်သော မူဆယ်ခရိုင်မှ ၆-ဦး၊ လားရှိုးခရိုင်မှ ၆-ဦး၊ ကျောက်မဲခရိုင်မှ ၅-ဦး၊ မိုးမိတ်ခရိုင်မှ ၅-ဦး၊ တောင်ကြီးခရိုင်မှ ၆-ဦး၊ တာချီလိတ်ခရိုင်မှ ၆-ဦး၊ ကျိုင်းတုံခရိုင်မှ ၈-ဦး၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်၊ မိုင်းဆတ်ခရိုင်တို့ မှ ကိုယ်စားပြုသူများအပါအနည်းဆုံး ၂၅-ဦး နှင့်အများဆုံး ၄၅-ဦးထိပါဝင်မည်။

၁၇။ **ဗဟိုကော်မီတီ**

ဗဟိုကော်မတီ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ကျေးရွာအသီးသီးမှ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ ၊အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များအားလုံး၊ မြို့နယ်တစ်မြို့နယ်မှကိုယ်စားလှယ် (၂)ဦးစီပါဝင်သည်။

၃၈။ **ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

(က)ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ကို ဗဟိုကော်မတီမှ ရွေးချယ်တင်မြှောက်ရမည်။ ဗဟိုအလုပ်အမှု ဆောင်ကော်မတီအဖွဲ့မှဦးဆောင်ပြီး ပြည်နယ်၊ခရိုင်၊ မြို့နယ်၊ရပ်ကွက်၊ ကျေးရွာအလုပ်အမှုဆောင်အဆင့်ဆင့်ကိုဖွဲ့စည်းပေးရမည်။

(ခ)ဒုတိယဥက္ကဋ္ဌ ( ၃ )ဦးအား ရှမ်းပြည်နယ်မြောက်ပိုင်းဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်တောင်ပိုင်းဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းဥက္ကဋ္ဌ အဖြစ်သတ်မှတ်သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီအားအောက်ဖော်ပြပါအတိုင်း တာဝန်ခွဲဝေသတ်မှတ်ပါသည်-

(က) နာယကများ
(ခ) ဥက္ကဋ္ဌ
(ဂ) ဒု-ဥက္ကဋ္ဌ (ရှမ်းအရှေ့)
(ဃ) ဒု-ဥက္ကဋ္ဌ (ရှမ်းတောင်)
(င) ဒု-ဥက္ကဋ္ဌ (ရှမ်းမြောက်)
(စ) အထွေထွေအတွင်းရေးမှူး
(ဆ) တွဲဖက်အထွေထွေအတွင်းရေးမှူး(၁)
(ဇ) တွဲဖက်အထွေထွေအတွင်းရေးမှူး(၂)
(ဈ) အတွင်းရေးမှူး (ရှမ်းအရှေ့)
(ည) အတွင်းရေးမှူး (ရှမ်းတောင်)
(ဋ) အတွင်းရေးမှူး (ရှမ်းမြောက်)
(ဌ) ဘဏ္ဍာထိန်း
(ဍ) စာရင်းကိုင်
(ဎ) စာရင်းစစ်

၃၉။ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့မှဦးဆောင်ပြီးဦးရေ ၁၇-ဦးထက်မပိုသောအောက်ဖော်ပြပါအသင်းအဖွဲ့ကော်မတီများကိုဖွဲ့စည်းပေးရမည်။

(က)မူဝါဒရေးဆွဲရေးကော်မီတီ
(ခ)ပါတီစည်းကမ်းထိန်းသိမ်းရေးနှင့်လုပ်ငန်းစိစစ်ရေးကော်မီတီ
(ဂ)ဥပဒေအကျိုးဆောင်ကော်မီတီ
(ဃ)သတင်းပြန်ကြားရေးနှင့်ဆက်သွယ်ရေးကော်မီတီ
(င)ဘဏ္ဍာရှာဖွေရေးကော်မီတီ
(စ)လူမှုရေးကော်မီတီ

(ဆ)ဂီတ၊အနုပညာကော်မီတီ

(ဇ)စည်းရုံးရေးကော်မီတီ

(ဈ)အမျိုးသမီးရေးရာကော်မီတီ

(ည)လူငယ်ရေးရာကော်မီတီ

(ဋ)စာပေနှင့်ယဉ်ကျေးမှုကော်မီတီ

(ဌ)ပါတီဌာနေကိုယ်စားလှယ်အဖွဲ့

(ဍ)ဆက်ဆံရေးမှူးများ

၆၀။ **ပြည်နယ်အလုပ်အမှုဆောင်ကော်မတီ**

ပြည်နယ်အလုပ်အမှုဆောင်ကော်မတီအား အောက်ဖော်ပြပါအတိုင်း တာဝန်ခွဲဝေသတ်မှတ်ပါသည်။ပြည်နယ်အား ရှမ်းပြည်နယ် မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ဟူ၍ခွဲခြားသတ်မှတ်ပါသည်။

(က)နာယကများ

(ခ)ဉက္ကဋ္ဌ

(ဂ)ဒုတိယဉက္ကဋ္ဌ

(ဃ)အတွင်းရေးမှူး

(င)တွဲဖက်အတွင်းရေးမှူး

(စ)ဘဏ္ဍာထိန်း

(ဆ)စာရင်းကိုင်

(ဇ)စာရင်းစစ်အဖွဲ့

(ဈ)ဘဏ္ဍာရှာဖွေရေးကော်မီတီ

(ည)လူမှုရေးကော်မီတီ

(ဋ)ဂီတ၊အနုပညာကော်မီတီ

(ဌ)စည်းရုံးရေးကော်မီတီ

(ဍ)အမျိုးသမီးရေးရာကော်မီတီ

(ပ)လူငယ်ရေးရာကော်မီတီ

(ဏ)စာပေနှင့်ယဉ်ကျေးမှုကော်မီတီ

(တ)ဆက်ဆံရေးမှူး

၆၁။ **ခရိုင်၊မြို့နယ်အလုပ်အမှုဆောင်ကော်မီတီ**

ခရိုင်အလုပ်အမှုဆောင်ကော်မတီအားအောက်ဖော်ပြပါအတိုင်း တာဝန်ခွဲဝေသတ်မှတ်သည်။

(က)နာယကများ

(ခ)ဥက္ကဋ္ဌ

(ဂ)ဒုတိယဥက္ကဋ္ဌ

(ဃ)အတွင်းရေးမှူး

(င)တွဲဖက်အတွင်းရေးမှူး

(စ)ဘဏ္ဍာထိန်း

(ဆ)ဘဏ္ဍာရှာဖွေရေးကော်မီတီ

(ဇ)လူမှုရေးကော်မီတီ

(ဈ)ဂီတ၊အနုပညာကော်မီတီ

(ည)စည်းရုံးရေးကော်မီတီ

(ဋ)အမျိုးသမီးရေးရာကော်မီတီ

(ဌ)လူငယ်ရေးရာကော်မီတီ

(ဍ)ဆက်ဆံရေးမှူး

၆၂။ **ရပ်ကွက်၊ ကျေးရွာအလုပ်အမှုဆောင်ကော်မီတီ**

ရပ်ကွက်အလုပ်အမှုဆောင်ကော်မီတီအားအောက်ဖော်ပြပါအတိုင်းတာဝန်ခွဲဝေသတ်မှတ် သည်။

(က)နာယကများ

(ခ)ဥက္ကဋ္ဌ

(ဂ)ဒုတိယဥက္ကဋ္ဌ

(ဃ)အတွင်းရေးမှူး

(င)တွဲဖက်အတွင်းရေးမှူး

(စ)ဘဏ္ဍာထိန်း

(ဆ)စာရင်းကိုင်

(ဇ)စာရင်းစစ်အဖွဲ့

(ဈ)ဘဏ္ဍာရှာဖွေရေးကော်မီတီ

(ည)လူမှုရေးကော်မီတီ

(ဋ)စည်းရုံးရေးကော်မီတီ

(ဌ)အမျိုးသမီးရေးရာကော်မီတီ

(ဍ)လူငယ်ရေးရာကော်မီတီ

(ပ)ဆက်ဆံရေးမှူး

# အခန်း (၇)
# ရေးရာကော်မတီဖွဲ့စည်းခြင်း

၆၃။ **မူဝါဒရေးဆွဲရေးကော်မီတီ**

(က)ပါတီအပေါ် သစ္စာရှိသောသူဖြစ်ရမည်။

(ခ)ဥပဒေပညာရှင်အပါအဝင်အနည်းဆုံးလူဦးရေ ၁၇-ဦးကော်မတီဖွဲ့စည်းပြီးဆောင်ရွက်ရမည်။

(ဂ)ပြောင်းလည်းနေသောခေတ်စနစ်နှင့်အညီပါတီ၏မူဝါဒများကိုလည်းလိုအပ်လျှင်လိုအပ်သလိုပြုပြင်ရေးဆွဲရမည်။

(ဃ)ပြုပြင်ပြောင်းလည်းရေးဆွဲလိုသောမူဝါဒနှင့်စပ်လျဉ်း၍တစ်နှစ်လျှင်တစ်ကြိမ်သာရေးဆွဲနိုင်မည်ဖြစ်ပြီး၊ ရေးဆွဲပြီးသောမူဝါဒများအား ပါတီညီလာခံမှအတည်ပြုဆုံးဖြတ်ပြီးမှသာတရားဝင်ကျင့်သုံးနိုင်သည်။

၆၄။ **ပါတီစည်းကမ်းထိန်းသိမ်းရေးနှင့်လုပ်ငန်းစီစစ်ရေးကော်မီတီ**

(က)ပါတီအပေါ် သစ္စာရှိသောသူဖြစ်ရမည်။

(ခ)ပါတီသက်တမ်းအရင့်ဆုံးသောသူဖြစ်ရမည်။

(ဂ)ပါတီစည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများအား ကျေညက်စွာသိရှိနားလည်နိုင်သောသူ ဖြစ်ရမည်။

(ဃ)ဥပဒေပညာရှင်အပါအဝင် ၅-ဦးကော်မတီဖွဲ့စည်းပြီးဆောင်ရွက်ရမည်။

(င)ပါတီဝင်တစ်ဦး၌သင့်တော်သောစံသတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ၊မရှိစိစစ်ရမည်။

(စ)ပါတီ၏လုပ်ငန်းများကိုဆောင်ရွက်ရာ၌ စည်းမျဉ်း၊စည်းကမ်းများနှင့်အညီကိုက်ညီမှုရှိ၊မရှိစစ်ဆေးပေးရမည်။

(ဆ)အစည်းအဝေးဆုံးဖြတ်ချက်နှင့်ဖွဲ့စည်းပုံကိုက်ညီမှုရှိ၊မရှိစိစစ်ရမည်။

(ဇ)ပါတီ၏မူဝါဒအောက်၌အားလုံးတစ်သွေဝေမသိမ်းလိုက်နာမှု ရှိ ၊မရှိ စိစစ်ရမည်။

(ဈ)ပါတီဝင်များသည်ပါတီ၏စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါကနှုတ်အားဖြင့်သော်လည်းကောင်း၊ စာအားဖြင့်သော်လည်းကောင်းသတိပေးခြင်းပြုလုပ်ရမည်။

(ည)ပါတီ၏စည်းကမ်းနှင့်ဥပဒေချိုးဖောက်မှုများကိုသုံးသပ်ပြီး နာယကအဖွဲ့ထံဦးဆုံးတင်ပြပြီးမှနာယကအဖွဲ့၏ဆုံးဖြတ်ချက်အတိုင်း တာဝန်အဆင့်လျှော့ချခြင်း၊ တာဝန်မှဆိုင်းငံ့ခြင်း၊တည်ဆဲဥပဒေဖြင့် အရေးယူခြင်း၊အနားပေးခြင်း၊ ထုတ်ပယ်ခြင်း အစရှိသည့်ပြစ်မှုပြစ်ဒဏ်များချမှတ်နိုင်ရန် ညီလာခံတက်ရောက်သူ ၅၁% ၏ ထောက်ခံမှုဖြင့် ဆောင်ရွက်ရမည်။

(၆၅) **ဥပဒေရေးရာကော်မီတီ**

(က)ဤကော်မီတီအား ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတို့၌လည်းဖွဲ့စည်းမည်။

(ခ)ပါတီအပေါ် သစ္စာရှိသောသူဖြစ်ရမည်။
(ဂ)ဥပဒေပညာရှင်အနည်းဆုံး ၅- ဦးပါဝင်သောကော်မီတီကိုဖွဲ့စည်းရမည်။
(ဃ)ပါတီ၏အရေးအရာကိစ္စများနှင့်ပတ်သက်၍ အစိုးရဌာနဆိုင်ရာများနှင့်ပြောဆိုဆက်ဆံရာ၌သော်လည်းကောင်း၊ ပါတီ၏ဖြစ်ပေါ် နေသောပြဿနာအရပ်ရပ်နှင့် ပတ်သက်၍သော်လည်းကောင်း၊ ပါတီဝင်အချင်းချင်း ဖြစ်ပွားနေသောပြဿနာအရပ်ရပ်အားဖြေရှင်း ဆောင်ရွက်ရာ၌သော်လည်းကောင်း ဥပဒေကြောင်းအရအမှားအယွင်းမရှိအောင်ရပ်တည်ပြောဆိုဖြေရှင်းဆောင်ရွက်သွားမည်။
(င)ဤကော်မီတီဝင်များသည် မူဝါဒရေးဒဆွဲရေးကော်မီတီ၌လည်းပါဝင်ဆောင်ရွက်မည်။

၆၆။ **သတင်းပြန်ကြားရေးနှင့်ဆက်သွယ်ရေးကော်မတီ**

ပါတီဆိုင်ရာသတင်းများကို စုဆောင်းခြင်း၊ ရေးသားဖြန့်ချီခြင်းကို တာဝန်ယူလုပ်ဆောင်သည်။ ပြည်တွင်းပြည်ပ သတင်းများကို ပါတီဗဟိုသို့ မှန်မှန်အစီရင်ခံတင်ပြရမည်။ ပါတီ၏သတင်းစဉ်ကို ၁-လ (သို့မဟုတ်) ၂-လ ၌တစ်ကြိမ် ပုံမှန်ထုတ်ဝေသွားမည်။ အထူးထုတ်သတင်းစဉ်များကိုလိုအပ်သလိုထုတ်ဝေသွားမည်။ ပါတီ၏လှုပ်ရှားမှုများကိုစနစ်တကျ ပြည့်စုံစွာမှန်မှန်မှတ်တမ်းတင်ထိန်းသိမ်းသွားမည်။ ပြည်တွင်း၊ ပြည်ပမီဒီယာများနှင့် ပုံမှန်ဆက်သွယ်ဆက်ဆံသွားမည်။

၆၇။ **ဘဏ္ဍာရေးကော်မတီ**

(က)ပါတီဝင်တိုင်း သတ်မှတ်ထားသောပါတီဝင်ကြေးကိုသတ်မှတ်ထားသောအချိန်၌ မှန်မှန်ထည့်ဝင်ရန် တာဝန်ယူဆောင်ရွက်မည်။
(ခ)ပါတီဝင်ရန်ပုံငွေကိုစနစ်တကျရှာဖွေ၊ထိန်းသိမ်း၊သုံးစွဲသွားမည်။
(ဂ)ပါတီရန်ပုံငွေကိုပါတီစည်းကမ်းဘောင်အတွင်းမှစနစ်တကျရှာဖွေသွားမည်။
(ဃ)ပါတီရေရှည်ရပ်တည်နိုင်ရေးအတွက်လိုအပ်သောရန်ပုံငွေရရှိရန် တရားနည်းလမ်းကျစွာဖြင့် ကုမ္ပဏီတည်ထောင်၍လုပ်ငန်းများရှာဖွေလုပ်ကိုင်သွားမည်။
(င)ကုမ္ပဏီအားပါတီ၏အမည်ဖြင့် တည်ထောင်သွားမည်မဟုတ်ပဲယုံကြည်စိတ်ချရသောသူ၊ စီးပွားရေးလုပ်ငန်း၌တတ်သိနားလည်ကျွမ်းကျင်သောတစ်ဦးဦးအားတာဝန်ပေးအပ်၍ဆောင်ရွက်သွားမည်ဖြစ်သည်။၎င်းကုမ္ပဏီသည်အမှီအခိုကင်း၊အနှောင်အဖွဲ့ကင်းသော၊ လူတစ်ဦးတစ်ယောက်၏ ဩဇာလွှမ်းမိုးမှုကင်းသော ကုမ္ပဏီအဖြစ်လွပ်လပ်စွာသီးခြားရပ်တည်သွားမည်ဖြစ်ပြီး၊ပါတီ၏ရန်ပုံငွေရရှိရေးအတွက်ဆောင်ရွက်သွားမည်ဖြစ်သည်။
(စ)သို့သော်၎င်းကုမ္ပဏီအားနာယကအဖွဲ့မှလမ်းညွှန်ထိန်းကြောင်းသွားမည်ဖြစ်ပါသည်။လုပ်ငန်းကိစ္စများနှင့်ပတ်သက်၍သော်လည်းကောင်း၊အကျိုးအမြတ်ခွဲဝေယူမည့်ကိစ္စနှင့် ပတ်သက်၍သော်လည်းကောင်း၊အရင်းအနှီးထည့်ဝင်မည့်ကိစ္စရပ်များနှင့် ပတ်သက်၍သော်လည်းကောင်းအသေးစိပ်ပြန်လည်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားမည်ဖြစ်သည်။

(ဆ)ကုမ္ပဏီအတွက်လုပ်ငန်းရရှိရေးကိုပါတီမှ တတ်နိုင်သည့်ဖက်မှ ကူညီဆောင်ရွက်သွားမည်ဖြစ်သည်။
(ဇ)ပါတီရန်ပုံငွေနှင့်ပတ်သက်၍အလှူရှင်များမှထည့်ဝင်သောငွေဖြူကိုသာယူရမည်။ ငွေမည်းကိုမယူပါ။စေတနာသန့်သန့်ဖြင့်နှောင်ကြိုးမဲ့ပေးသောအကူအညီများကိုသာလက်ခံသွားမည်။
(ဈ)ပါတီရန်ပုံငွေရှာဖွေခြင်း၊ အလှူငွေများလက်ခံခြင်းနှင့်စပ်လျဉ်း၍ပါတီ၏ဂုဏ်သိက္ခာကိုထိန်းသိမ်းသွားမည်။
(ည)အခါအားလျော်စွာစာရင်းစစ်အဖွဲ့ဖြင့် ပါတီ၏ရသုံးငွေစာရင်းကိုစနစ်တကျစစ်ဆေးသွားမည်။

၆၈။ **လူမှုရေးကော်မတီ**

(က)နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်လာရန်အတွက်သော်လည်းကောင်း၊ လူ့အဖွဲ့အစည်းတစ်ခုတိုးတက်လာရန်အတွက်လည်းကောင်း၊လူသည်သာအဓိကဖြစ်သည်။ထို့ကြောင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုဦးစားပေး၍အားပေးဆောင်ရွက်သွားမည်။
(ခ)ဘာသာရေးလွတ်လပ်ခွင့်အပြည့်အဝရှိရန်နှင့် ခွဲခြားဆက်ဆံမှုမရှိစေရန်အတွက်အစဉ်တစိုက်ကြိုးပမ်းသွားမည်။
(ဂ)တိုင်းရင်းသားလူမျိုးစုများ၏ဓလေ့ထုံးတမ်း၊စာပေနှင့်ယဉ်ကျေးမှုများကိုအားပေးမြှင့်တင် သွားမည်ဖြစ်ပြီးလွတ်လပ်စွာဆောင်ရွက်ခွင့် ရရှိရေးနှင့်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီဆောင်ရွက်သွားမည်။
(ဃ)ပြည်သူလူထု၏ ကျန်းမာကြံ့ခိုင်ရေးနှင့် စာရိတ္တကောင်းမွန်ရေး၊ ပေါင်းသင်းဆက်ဆံရေး၌ကောင်းမွန်ပြေပြစ်ရေးဆိုင်ရာလုပ်ငန်းများကိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး မေတ္တာတရားကိုရှေ့ထားတတ်သည့် လူ့အခွင့်အရေးကိုလေးစားလိုက်နာတတ်သည့်လူမျိုးဖြစ်အောင်ကြိုးပမ်းဆောင်ရွက်မည်။
(င)တရားမျှတသောဥပဒေပေါ် ပေါက်၍ယင်းဥပဒေကိုလူတိုင်းလေးစားလိုက်နာရေးနှင့် လူသားတိုင်းကိုယ်ကျင့်တရားကောင်းမွန်ရေးကို အထူးအလေးထားဆောင်ရွက်သွားမည်။
(စ)ပညာရေး၊ ကျန်းမာရေးကဏ္ဍများကိုတိုးတက်ကောင်းမွန်လာအောင်ကြိုးပမ်းဆောင်ရွက်မည်။
(ဆ)မူးယစ်ဆေးဝါးတားဆီးနှိမ်နှင်းရေး၊ မူးယစ်ဆေးဝါးဖြတ်တောက်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတိုးတက်အောင်မြင်အောင်ဆောင်ရွက်မည်။

၆၉။ **ဂီတ၊အနုပညာကော်မတီ**

(က)တိုင်းရင်းသားများနှင့်မိမိလူမျိုး၏အဆို ၊ အက၊ အရေး၊ အတီး အနုပညာများကိုအားပေးသွားမည်။
(ခ)တိုင်းရင်းသားလူမျိုးစုနှင့်မိမိလူမျိုး၏ ပန်းချီ၊ ပန်းပု၊ လက်မှုအနုပညာ အစရှိသောအနုပညာလုပ်ငန်းများကိုအားပေးမြှင့်တင်သွားမည်။ ထူးချွန်သော အနုပညာရှင်များ၊ အနုပညာအတတ်

ပညာရှင်များပေါ်ထွန်းလာအောင်အားပေးအားမြှောက်ပြုသွားမည်။

၇၀။ **စည်းရုံးရေးကော်မတီ**

(က)ပါတီ၏မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များကို ပြည်သူများ နားလည်သဘောပေါက်၍ အားပေးထောက်ခံပူးပေါင်း ဆောင်ရွက်လာအောင်ဟောပြောခြင်း၊ရေးသားဖြန့်ဝေခြင်းဖြင့်စည်းရုံးလှုံ့ဆော်သွားမည်။

(ခ)ပါတီစည်းရုံးရေးမှူးများသည် ပြည်သူလူထုနှင့်အမြဲတမ်းထိတွေ့မှုရှိနေရမည်။ပြည်သူလူထု၏ သဘောထားဆန္ဒများကိုအမှန်အတိုင်းသိရှိ နားလည်အောင်ကြိုးစားကြရမည်။ ပြည်သူလူထု၏ လုပ်ငန်းဆောင်တာများ၌ မိမိတွေ့မြင်ရသည့်အရာများ၊ လိုအပ်သောအကြံဉာဏ်ကောင်းများ ပေး၍မိမိတတ်အားတစ္ဆေ့ကူညီသွားမည်။

(ဂ)ပြည်သူလူထုအပေါ်နားလည်မှု၊စိတ်ရှည်မှု၊သည်းခံခွင့်လွှတ်မှုအပြည့်ရှိရမည်။ ပြည်သူလူထုမှ ပေးလာသောအကြံဉာဏ်ကောင်းများကို လက်ခံရယူပြီးလက်တွေ့လုပ်ငန်းများ၌အသုံးချသွားမည်။

(ဃ)စည်းရုံးရေးကွင်းဆင်းရာတွင်ကျေးရွာတောတောင်အရပ်ဒေသရှိပြည်သူများနှင့် ထိတွေ့ဆက်ဆံရာ၌ကောင်းမွန်သောလူမှုဆက်ဆံရေးရရှိအောင်ကြိုးပမ်းဆောင်ရွက်သွားမည်။

၇၁။ **အမျိုးသမီးရေးရာကော်မတီ**

(က)အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူရင်ဘောင်တန်းပြီး ပြည်နယ်အကျိုး၊အများပြည်သူအကျိုး၊ မိမိလူမျိုး၏အကျိုးကိုသယ်ပိုးနိုင်အောင်စည်းရုံးလှုံ့ဆော်သွားမည်။ "ပုခက်သောလွှဲသောလက်သည် ကမ္ဘာကိုလွှမ်းမိုးနိုင်သည် " ဟူသောဆောင်ပုဒ်နှင့်အညီ အမျိုးသမီးထု၏ ကိုယ်စွမ်းဉာဏ်စွမ်းများကို ပြည်နယ်အကျိုးကိုသယ်ပိုးရာ၌ကြီးမားသောအင်အားတစ်ရပ်ဖြစ်လာစေရန်အားပေးလှုံ့ဆော်သွားမည်။

(ခ)ပါတီတွင်း၌အမျိုးသမီးများကို အမျိုးသားများနှင့်အခွင့်အရေးတန်းတူပေးထားသည်။ ခွဲခြားဆက်ဆံခြင်းမရှိပါ။ ပါတီပြင်ပမှ အမျိုးသမီးများလည်း အမျိုးသားများနှင့်တန်းတူအခွင့်အရေးကို လိုလားသည်။ နိုင်ငံရေးစင်မြင့်၌အမျိုးသမီးခေါင်းဆောင်များများပေါ်ထွန်းလာအောင်အားပေးကူညီဆောင်ရွက်သွားမည်။

၇၂။ **လူငယ်ရေးရာကော်မတီ**

(က)လူငယ်များကိုစည်းရုံး၍ နည်းမှန်လမ်းမှန်ဖြင့် ထိန်းကျောင်းပြီးအနာဂတ်ခေါင်းဆောင်များဖြစ်လာအောင်အလေးထားပျိုးထောင်မွေးထုတ်သွားမည်။

(ခ)လူငယ်များ၊ ဉာဏ်ပညာထူးချွန်ထက်မြက်ပြီးအကျင့်စာရိတ္တကောင်းမွန်လာအောင်လမ်းညွှန်ပေးမည်။

(ဂ)ယနေ့လူငယ်များအားကို အနာဂတ်၏ ခေါင်းဆောင်ကောင်းများ ဖြစ်လာအောင်လေ့ကျင့်ပျိုးထောင်ပေးသွားမည်။

(ဃ)ရဲစွမ်းသတ္တိရှိသော၊ ထက်မြက်သော၊ သွက်လက်ချက်ခြာသောလူငယ်များ၏သဘာဝစွမ်းပကားများသည် ပြည်နယ်အကျိုး၊ မိမိလူမျိုးအကျိုးအတွက်အဓိကအင်အားတစ်ရပ်ဖြစ်လာအောင်လမ်းကြောင်းပေးသွားမည်။လူငယ်များအားပညာပေးသင်တန်းများဖွင့်လှစ်ပေး၍အရည်အချင်းမြင့်မားလာအောင်အားပေးလုပ်ဆောင်သွားမည်။

(င)ပါတီဝင်လူငယ်များသည် ပါတီ၏အဓိက မဏ္ဍိုင် ဖြစ်သည်။ သူတို့သည်ပါတီ၏အနာဂတ်ကိုပိုင်စိုးသူများဖြစ်သည်။ ထို့ကြောင့် ပါတီတွင်း၊ ပါတီပြင်ပလူငယ်လှုပ်ရှားမှုများများလုပ်ဆောင်နိုင်အောင်အားပေးသွားမည်။

၃၃။ **စာပေနှင့်ယဉ်ကျေးမှုကော်မတီ**

(က)တိုင်းရင်းသားများ၏ စာပေ၊ယဉ်ကျေးမှု၊ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းမြှင့်တင်ရာ၌ အားပေးဆောင်ရွက်သွားမည်။

(ခ)တိုင်ရင်းသားများ၏ မိရိုးဖလာရိုးရာပွဲလမ်းသဘင်များကိုအားပေးထိန်းသိမ်းသွားမည်။ တိမ်မြုပ်ပျောက်ကွယ်လုဆဲဆဲဖြစ်နေသောတိုင်းရင်းသားလူမျိုးစုများ၏စာပေ၊ ယဉ်ကျေးမှုကိုပြန်လည်ဖော်ထုတ်ပေးသွားမည်။

(ဂ)တိုင်းရင်းသားလူမျိုးစုများ၏ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးသွားမည်။

# အခန်း(၈)

# လုပ်ထုံးလုပ်နည်းများသတ်မှတ်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုပြင်ဆင်ခြင်း

## လုပ်ထုံးလုပ်နည်းများသတ်မှတ်ခြင်း

၃၄။ ပါတီဗဟိုကော်မီတီသည် ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကိုသတ်မှတ်ပြဋ္ဌာန်းနိုင်သည်။ သတ်မှတ်ပြဋ္ဌာန်းချက်များကိုအနီးကပ်ဆုံးပါတီညီလာခံ သို့တင်ပြရမည်။

## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုပြင်ဆင်ခြင်း

၃၅။ မိမိလူမျိုး၏အကျိုးစီးပွားလိုအပ်ချက်အရ ပြောင်းလဲဖြစ်ပေါ်နေသောအခြေအနေ၊ အချိန်အခါပေါ်မူတည်၍ခေတ်နှင့်လျော်ညီစွာဖြင့် ပါတီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုပြင်ဆင်နိုင်သည်။ လိုအပ်သည်များကိုထပ်မံဖြည့်စွက်ခြင်း၊ မလိုအပ်သည်များကိုပယ်ဖျက်ခြင်းအစရှိသောပြင်ဆင်မှုများကိုအောက်ပါအတိုင်းဆောင်ရွက်ရမည်။

(က)ပါတီဝင်များ အောက်ခြေအဖွဲ့များမှပြင်ဆင်လိုခြင်းဖြစ်ပါက အခြေခံအဖွဲ့မှပါတီကော်မီတီ အဆင့်ဆင့်သို့တင်ပြပြီး ပါတီညီလာခံ၌ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ရန်ဖြစ်သည်။

(ခ)ပါတီဗဟိုကော်မီတီမှပြင်ဆင်လိုခြင်းဖြစ်ပါကမူပြင်ဆင်လိုသော အချက်များကိုပါတီညီလာခံ မကျင်းပမီရက်ပေါင်း ၁၅ ကြိုတင်၍ဖြန့်ဝေချပြရမည်။

(ဂ)ညီလာခံကြီးမတိုင်မီ အရေးပေါ် ထူးခြားမှုဖြစ်စဉ်ကာလများတွင်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း ပြုလုပ်လိုပါကတက်ရောက်လာသော ဗဟိုကော်မတီအဖွဲ့၊ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့၏ ၆၅% ဖြင့်သာပြင်ဆင်ဖြည့်စွက်ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီးသို့ အသိပေးအကြောင်းကြားရမည်။၎င်းပြင်ဆင်ချက်များကိုပါတီညီလာခံကျင်းပသည့်အချိန်၌ပြန်လည် တင်ပြရမည်။

(ဃ)နှစ်ပတ်လည်ညီလာခံကြီးတွင်ပါတီ၏ဖွဲ့စည်းပုံနှင့်စည်းမျဉ်းစည်းကမ်းများကိုပြင်ဆင်ဖြည့် စွက်နိုင်ပါသည်။ ပြင်ဆင်ဖြည့်စွက်လိုပါကအစည်းအဝေးတက်ရောက်သူလူဦးရေ၏ ၆၅% ကျော်မဲ ဆန္ဒဖြင့်သာအတည်ပြုမှုရှိရမည်။

(င)ပါတီညီလာခံတွင်တက်ရောက်ဆန္ဒမဲပေးခွင့်ရှိသောကိုယ်စားလှယ်၏ ၆၅% ကသဘောတူ မှသာပြင်ဆင်ချက်ကိုစဉ်းစားမည်၊ ပြင်ဆင်ချက်အတည်ဖြစ်မည်။


## အခန်း(၉)
## အထွေထွေကိစ္စရပ်များ

၇၆။ (က)ပါတီ၏မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံများနှင့်ပတ်သက်၍အဓိကအဆုံးအဖြတ်ပေး နိုင်သောအမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းမှာပါတီညီလာခံပင်ဖြစ်သည်။


(ခ)ဗဟိုကော်မီတီနှင့်ဗဟိုအလုပ်အမှုဆောင်ကော်မီတီတို့၏ အရေးကြီးသောဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်မှန်သမျှအား ပါတီညီလာခံကိုတင်ပြ၍ အတည်ပြုချက်ရယူရသည်။

(ဂ)ထိုသို့အတည်ပြုချက်ရယူရန် အရေးပေါ် လိုအပ်လာပါက၊ ပါတီညီလာခံကျင်းပရန်ရက်နှင့် ဝေးကွာနေပါက၊ ပါတီဗဟိုကော်မီတီသည် အရေးပေါ် အစည်းအဝေးခေါ်ယူနိုင်သည်။


## ပါတီဖွဲ့စည်းတည်ဆောက်ပုံ


ပါတီညီလာခံ
နာယကများ
ဗဟိုကော်မီတီ
ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ပြည်နယ်အလုပ်အမှုဆောင်ကော်မီတီ
( ရှမ်းအရှေ့၊ ရှမ်းတောင်၊ ရှမ်းမြောက် )
ခရိုင်အလုပ်အမှုဆောင်ကော်မီတီ
မြို့နယ်၊မြို့နယ်ခွဲအလုပ်အမှုဆောင်ကော်မီတီ
ရပ်ကွက်၊ကျေးရွာအလုပ်အမှုဆောင်ကော်မီတီ

## ဗဟိုအလုပ်အမှုဆောင်ကော်မီတီ




## ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ရပ်ကွက်၊ ကျေးရွာ
## အလုပ်အမှုဆောင်ကော်မီတီ



# Kachin National Party

## Flag



# Kachin National Party

## Logo